# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၈)


### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဆေးပညာနှင့်ဆေးဘက်ဆိုင်ရာပညာရှင်များ အရည်အသွေးတိုးတက်မြင့်မားရေး စနစ်တကျစီမံဆောင်ရွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည့်ပြည့်ဝဝဆောင်ရွက်ပေး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) ၌ မှာကြား

ရန်ကုန် အောက်တိုဘာ ၁၇

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းမြို့သို့ ရောက်ရှိကြသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ✻



မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)ကို တွေ့ရစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

# စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေး အလေးထားစီမံ စီမံချက်များအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး အမျိုးသားစီးပွားရေးပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းရာတွင် မဟာဗျူဟာများချမှတ်ဆောင်ရွက်ခြင်း၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများ ဖွံ့ဖြိုး တိုးတက်စေရန် ဦးစားပေးလုပ်ဆောင်ခြင်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း စသည်တို့ကို အလေးထား လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ၅၃ သန်းကျော်အနက် ကျေးလက်ဒေသများတွင် နေထိုင်သည့် ၇၀ ရာခိုင်နှုန်းသော လူဦးရေတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သို့မဟုတ် သစ်တောကဏ္ဍ တစ်ခုခုအပေါ်တွင် မှီခိုအားထား၍ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိကြသည်။ ယင်းကဏ္ဍများ၏ စွမ်းဆောင်မှုနှင့် ထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် နိုင်ငံတော်အစိုးရက ဦးစားပေးစီမံနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကျိုးပြုနိုင်ခဲ့သည်။

၂၀၀၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၆ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်-

**"မိမိတို့အနေဖြင့် ငတ်မွတ်ခေါင်းပါးခြင်းကင်းဝေးရေးနှင့် စားနပ်ရိက္ခာ လောက်ငလုံခြုံမှုတို့သည် လူသားများအားလုံး၏ အခြေခံအကျဆုံး လူ့အခွင့်အရေးများတွင် ပါဝင်သည်ဟု ခံယူထားကြောင်း၊ ကမ္ဘာ့ ပြည်သူများအကြားတွင် ယင်းကဲ့သို့ အခွင့်အရေးမျှတစွာ ရရှိရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံက သန္နိဋ္ဌာန်ချမှတ်ထားပြီးလည်း ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လက်တွဲ၍ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ လူဦးရေနှင့် မြေနေရာအကျယ်အဝန်းသည် အချိုးအစားမျှတပြီး စိုက်ပျိုးနိုင်သည့်မြေဧက၄၅ သန်းရှိသည့် အနက် သီးနှံစိုက်ဧရိယာ စုစုပေါင်းဧက၃၁ဒသမ၃၂သန်းရှိသဖြင့် လက်ရှိလူဦးရေသာမက နောင်တိုးပွား လာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ လုံလောက်မျှတအောင် ထုတ်လုပ်ပေးနိုင်သည့် နိုင်ငံဖြစ်သည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ကို စတင်ယူသည့်အချိန်မှစ၍ ဆည်တမံနှင့် ရေထိန်းတံခါး စုစုပေါင်း၁၆၄ခု နှင့် မြစ်ရေတင်စခန်းပေါင်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့ရာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပဈေးကွက်ကိုပါ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးကဏ္ဍနှင့်ဆက်စပ်နေသည့် မွေးမြူရေးကဏ္ဍကိုပါ တစ်ဖက်က အားဖြည့်ပေးလျက်ရှိသဖြင့် သားငါးထုတ်လုပ်မှု သိသာစွာတိုးတက်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ၂၈၃၂ကီလိုမီတာ ရှည်လျားပြီး ပင်လယ်သယံဇာတပေါများကြွယ်ဝခြင်းကြောင့် နိုင်ငံတော်အတွက် စီးပွားရေး အခြေခံကောင်းများ သဘာဝအလျောက် တည်ရှိပြီးဖြစ်သည်။ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၀ကျော်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

သစ်တောကဏ္ဍတွင်လည်း အဖိုးတန်သစ်တောများကို မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်နှင့် နှစ်ပေါင်း ၁၅၀ခန့် စနစ်တကျဆောင်ရွက်ခဲ့သည့်အတွက် ကမ္ဘာပေါ်၌ ထင်ရှားကျော်ကြားသည့် နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၉၄ ခုနှစ်မှစတင်၍ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပူပြင်းခြောက်သွေ့သည့်ဒေသများ စိမ်းလန်းစိုပြည်ကာ ကျေးလက်ဒေသများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် လူသားအားလုံး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှု ကင်းဝေးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများပိုမိုအောင်မြင်မှု ရရှိစေရန် နိုင်ငံသူ နိုင်ငံသားအားလုံးက နိုင်ငံတော်နှင့် လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# မီးရထားစက်ခေါင်းပြင်စက်ရုံ( အင်းစိန် )ဝန်ကြီးဗိုလ်ချုပ်အောင်မင်းစစ်ဆေး လုပ်ငန်းများအောင်မြင်ရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၁၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်လိုက်ပါလျက် အောက်တိုဘာ၁၅ရက် နံနက်က မြန်မာ့မီးရထားစက်ခေါင်းပြင်စက်ရုံ(အင်းစိန်)သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းအား မြန်မာ့မီးရထားစက်ခေါင်းပြင်စက်ရုံ (အင်းစိန်) ရှင်းလင်းဆောင်၌ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ ဦးစိုးဝင်းကအင်းစိန်စက်ခေါင်းစက်ရုံ၌စက်ခေါင်း၁၀ခေါင်းမှ သက်တမ်းလွန် အင်ဂျင်များကို ပြည်ပမှဝယ်ယူရောက်ရှိလာသော ကက်တာပီလာ အင်ဂျင်အသစ်များဖြင့် အစားထိုး တပ်ဆင်မှု စီမံကိန်း၏လုပ်ငန်းတိုးတက်မှု အခြေအနေ၊ စက်ရုံမှ ပုံမှန်ဆောင်ရွက်နေသော စက်ခေါင်းအကြီးတန်း၊ အလတ်တန်း ပြုပြင်ထုတ်လုပ်မှု အခြေအနေ၊ မြင်းကောင်ရေ ၂၂၀၀အားဒီဒီ-၅၁ စက်ခေါင်းအား မြန်မာ့မီးရထားလမ်း ပိုင်း၌ ပြေးဆွဲနိုင်ရေးအတွက်ပုံစံပြောင်းဆောင်ရွက် ကြိုးပမ်းမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ပြုပြင်ထားသော ဒီဒီ-၅၁ စက်ခေါင်းအားစက်နှိုးခြင်း၊စမ်းသပ်မောင်းနှင်ခြင်းများကိုလည်းကောင်း၊**(အပေါ်ပုံ)** မြင်းကောင်ရေ ၂၀၀၀အား စက်ခေါင်းတစ်ခေါင်းနှင့် မြင်းကောင်ရေ၆၀၀ အား စက်ခေါင်း တစ်ခေါင်းတို့၌ အင်ဂျင်အသစ်တင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အခြားစက်ခေါင်းသုံးခေါင်း အား အင်ဂျင်သစ်တင်ရန် အကြိုပြင်ဆင်မှုဆောင်ရွက်နေသည့် လုပ်ငန်းများ အားလည်းကောင်း၊ စက်ရုံမှ တီထွင်ကြံဆဆောင်ရွက်နေရသောကျန်လုပ်ငန်းများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်လျက် မိမိတို့၏စွမ်းရည်များကိုမြှင့်တင်ကြရေး၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရေး၊အင်ပြည့်အားပြည့် အကူအညီပေးမည်ဖြစ်၍ လိုအပ်ချက်များကို တင်ပြကြရေး စသည်တို့ကို မှာကြားဖြည့်ဆည်းသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောင်းမြမြို့နယ်အသင်း ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှင့်ကျောင်းဝေယျာဝစ္စအဖွဲ့တို့ပူးပေါင်း၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်တိုက်ကျောင်း၌ သံဃာတော်ရဖြေပါးတို့အားအကြိမ်(၂၀) မြောက် ကထိန်လျာသင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ၁၄ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီ အထိ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ် သားများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ကထိန်လျာသင်္ကန်း၊ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉ ၉၉-၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း- ၅၂၆၁၆၈၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း- ၇၀၅၈၅၈၊ ၇၀၅၈၇၈၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄နှင့် ဝေယျာဝစ္စအဖွဲ့ ဗိုလ်ကြီးမြတ်ထိုက်(ငြိမ်း)ဖုန်း-၇၀၉၄၁၇တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာပြပွဲ (The Sixth International ICT Exhibition 2004)ကို အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ ၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) Myanmar ICT Park လှိုင်တက္ကသိုလ်နယ်မြေ လှိုင်မြို့နယ် ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၁၅ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ် ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း မြန်မာ့ လယ်ယာ ထွက် ကုန်ပစ္စည်း ရောင်း ဝယ်ရေး ရုံး ချုပ် (ညီလာခံခန်းမ)၌ ကျင်းပသော လုပ်ငန်းခွင်သုံးအင်္ဂလိပ် ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဆင်းပွဲတွင် ဆုရရှိ သူ တစ်ဦးအား ဆုချီးမြှင့်စဉ်။** (စီးပွား/ကူးသန်း)

# မြန်မာ့ရိုးရာအနုပညာစစ်စစ်၏ တန်ဖိုးနှင့်ရသမြောက်မှုများ လူငယ်များခံစားနိုင်ရေး အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ခြိမ့်ခြိမ့်သဲသဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးအနုပညာရပ်များ၏ ပညာခန်းအဆီအနှစ်များနှင့်တကွ အမျိုးသားရေးအနှစ်သာရများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်၏တန်ဖိုးနှင့် ရသမြောက်မှုများကို ယနေ့ လူငယ်လူရွယ်များ သိမြင်ခံစားနိုင်စေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲများမှတစ်ဆင့် ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိသည့် အောက်တိုဘာ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့တော်၌ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိသော ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ စတုတ္ထမြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို သတ်မှတ်နေရာအသီးသီး၌ ခမ်းနားသိုက်မြိုက်စည်ကားစွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။**

ယင်းကဲ့သို့ ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ်ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာနပန်တျာကျောင်း၌ လည်းကောင်း၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကိုဗဟန်းမြို့နယ်ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ လည်းကောင်း အသီးသီးကျင်းပကြသည်။

ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးကြသောပြည်သူများ တစ်ခဲနက်

မမေသူခိုင်၊ ရန်ကုန်တိုင်းမှ မစန်းစန်းမော်(ခ)နှင်းအေးလှိုင်၊ ကချင်ပြည်နယ်မှ မဝင်းနန္ဒာငွေး၊ မန္တလေးတိုင်းမှ မဖြူမာခိုင်၊ တနင်္သာရီတိုင်းမှ မသင်းသင်းယုနှင့် မကွေးတိုင်းမှ မချောစုဝင်းတို့ပါဝင် ယှဉ်ပြိုင်ကပြကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်မှ မောင်စိုင်းရဲထက်ဝင်း၊ ကချင်ပြည်နယ်မှ မောင်ဇော်မိုင်ခွန်၊ မန္တလေးတိုင်းမှ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်နှင့် အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ရေးသားခဲ့ကြသော သီချင်းစာသားများကို တူရိယာများဖြင့် တွဲဖက်၍ နံနက်၉နာရီမှစတင်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ သီချင်းတိုက်လေ့ကျင့်ကြသည်။

### အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့





သီကုံးပြီး မကြည်အောင်သီဆိုခဲ့သည့် **'ရွှေတိဂုံသမိုင်း'** သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်ဝင်းဝင်းကြည်ခိုင်၊ ကယားပြည်နယ်မှ မဝင်းဝင်းတင်အေးသိန်း၊ မွန်ပြည်နယ်မှ ဒေါ်စိမ်းလဲ့လဲ့၊ စစ်ကိုင်းတိုင်းမှ မဇေကရီဘိုဘို၊ ပဲခူးတိုင်းမှ ဒေါ်မော်မော်၊ ရှမ်းပြည်နယ်မှ မနွေးနွေးသီရိအောင်၊ တနင်္သာရီတိုင်းမှ မမာမာစိန်၊ ကချင်ပြည်နယ်မှ ဒေါ်ခင်မျိုးအေး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူနန်းကြော့သူဇာခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ မကွေးတိုင်းမှ ဒေါ်ချိုမာဝင်း၊ ရခိုင်ပြည်နယ်မှမအေးနှင်းခိုင်၊ မန္တလေးတိုင်းမှဒေါ်မေသက်ရှင်းနှင့် ဒေါ်သဥ္ဇာမျိုး၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်ခင်အေးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁ နာရီခွဲတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း/

ကျော်စွာသွင်၊ ကယားပြည်နယ်မှ မောင်ထက်အောင်ပြည့်ဖြိုး၊ ရှမ်းပြည်နယ်မှ မောင်ရန်နိုင်ဝင်း၊ ဧရာဝတီတိုင်းမှ စချမ်းမင်းစိုးနှင့် တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်းတို့ သီဆိုပြိုင်ပွဲ ဝင်ကြပြီး စတုတ္ထမြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို မွန်းလွဲ ၂နာရီ မိနစ်၅၀တွင် ရပ်နားလိုက်သည်။

အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)မဟာဂီတအဆိုပြိုင်ပွဲ နှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတို့ကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### အကပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်း၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။**
(သတင်းစဉ်)

မောင်မျိုးသီဟကျော် (ခ) ပိုင်ပိုင်၊ တနင်္သာရီတိုင်းမှ မောင်ပြည့်ဖြိုးအောင်၊ မွန်ပြည်နယ်မှ မောင်ရဲလင်းထွန်း၊ မန္တလေးတိုင်းမှ မောင်အောင်ချမ်းဝင်း၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောထက်ရှိန်း၊ ဧရာဝတီတိုင်းမှ စတင်သန်းအေး၊ ရန်ကုန်တိုင်းမှ မောင်သန်းလှိုင်(ခ)မောင်သုတဟိန်းထက်၊ ပဲခူးတိုင်းမှ မောင်နေဝင်းထွဋ်၊ ချင်းပြည်နယ်မှ မောင်နိုလျန်းထန်နှင့် စစ်ကိုင်းတိုင်းမှ မောင်အောင်နန္ဒတို့ ပါဝင်ယှဉ်ပြိုင်ကပြကြသည်။

အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး)အကပြိုင်ပွဲကိုလည်းကောင်း အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### အရေးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် **'ဖြူပြာမှုယာ(ပတ်ပျိုး)'** သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ ဦးမျိုးမြင့်သန်း၊ မန္တလေးတိုင်းမှ ဦးစိန်အောင်ဗိုလ်နှင့် ဦးဘိုဘိုကျော်၊ မွန်ပြည်နယ်မှ ဦးစောဝင်း၊ ရန်ကုန်တိုင်းမှ ဦးဇင်မင်းဦးနှင့် ဦးဝေဖြိုးနိုင်၊ ရခိုင်ပြည်နယ်မှ ဦးအောင်ပြည့်စုံတို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ပညာရှင်အဆင့်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတွင် **'စိန်ခြယ်ညီးလင်း(မွန်)'** သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဒေါ်လွင်မာသိန်းနှင့် မွန်ပြည်နယ်မှ ဒေါ်ပြုံးမြမြကြည်တို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

### ကပြ



**ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံ ပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲတွင် ကရင် ပြည်နယ်မှ မြိုင်ကြီးငူ စောထက်ရှိန်း ကပြယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

### ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီးဒေါ်ခင်နှင်းဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၏ဇနီး ဒေါ်ခင်အေးကြင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၏ဇနီးဒေါ်ခင်သက်ငွေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံ ပညာ အဆင့် အသက် (၁၀–၁၅)နှစ် အမျိုးသား စောင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင် မျိုး ထွန်းကျော်ယှဉ်ပြိုင်စဉ်။**
(မြန်မာ့အလင်း)



လာရောက်၍ နားသောတဆင် ကြည့်ရှုအားပေးကြသည်။

### အဆိုပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ စတုတ္ထမြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကိုကျင်းပရာ ဒဂုံဆရာတင် ရေးစပ်

ကာလပေါ်တေးအဆိုပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ စောင်းဦးဘသန်း ရေးစပ်သီကုံးပြီး ကိုယ်တိုင်သီဆိုခဲ့သည့် **'သုခုမ'**သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောစိုင်းလင်းအောင်၊ မန္တလေးတိုင်းမှ မောင်သန်းဇော်ဦး၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးဇော်ထွန်း၊ ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်၊ မွန်ပြည်နယ်မှ မောင်ဝင်းမင်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်နှင့်မောင်ဖုန်းမြင့်ထွန်း(ခ)ဘုန်းမြင့်၊ ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်း၊ မန္တလေးတိုင်းမှ မောင်

အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) အကပြိုင်ပွဲကို ကျင်းပရာ မွန်ပြည်နယ်မှ မတင်နီလာထွန်း၊ ပဲခူးတိုင်းမှ မမျိုးပပထွန်း၊ မန္တလေးတိုင်းမှ မလှလှစန်း၊ ကယားပြည်နယ်မှ မမေဆုယဉ်၊ ရခိုင်ပြည်နယ်မှ မခင်မီမီဇော်၊ ရှမ်းပြည်နယ်မှ မရီရီဆွေ(ခ)ရွှန်းလဲ့ပိုင်၊ ရန်ကုန်တိုင်းမှ မအေးလဲ့ဝါဝါအောင်၊ ဧရာဝတီတိုင်းမှ မပိုင်းချစ်ချစ်အောင်၊ စစ်ကိုင်းတိုင်းမှ

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်အရေးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မရွှန်းလဲ့မေ သီချင်းတိုက်လေ့ကျင့်နေစဉ်။**
(မြန်မာ့အလင်း)



18-10 (03).p65 1 24.03.1905, 9:03 PM

# အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည် မဟုတ် ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါး အခိုင်အမာပြောကြား

ရောမ အောက်တိုဘာ ၁၅

**အီရတ်နိုင်ငံသို့ မိမိနိုင်ငံမှတပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်းနှင့် အီရတ်နိုင်ငံနှင့် ပတ်သက်၍ မိမိအစိုးရသဘောထားရပ်တည်ချက်မှာ ခိုင်ခိုင်မာမာရှိလျက်ပင်ဖြစ်ကြောင်း ရောမမြို့သို့ အလည်အပတ်ရောက်ရှိနေသော ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။**

အီတလီနှင့် ဂျာမနီနှစ်နိုင်ငံတို့၏ (၂၅)ကြိမ်မြောက် အပြန်အလှန် ထိပ်သီးအစည်းအဝေးအတွက် အီတလီဝန်ကြီးချုပ် ဆဲလ်ဗီရိုဘာလူစကိုနီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ရောမမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ဂျာမနီဝန်ကြီးချုပ် ဂါဟက်ရှရိုးဒါးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**အပြောင်းအလဲ**

ဂျာမနီနိုင်ငံ၏သဘောထားရပ်တည်ချက်မှာအပြောင်းအလဲရှိမည် မဟုတ်ကြောင်း၊ အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း ရှရိုးဒါးက ပြောကြားသည်။

ယင်းကိစ္စရပ်အပေါ်တွင် ရှရိုးဒါးကို စည်းရုံးသိမ်းသွင်းရန် မိမိ ကြိုးစားမည်မဟုတ်ကြောင်းလည်း အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်၏ မဟာမိတ်တစ်ဦးဖြစ်သူ အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ပြောကြားသည်။

**သိမ်းသွင်းမည်မဟုတ်**

ကျွန်ုပ်တို့အနေဖြင့် ဂျာမနီ၏ သဘောထားရပ်တည်ချက်ကို ပြောင်းလဲရန် သိမ်းသွင်းမည်မဟုတ်ကြောင်း၊ တစ်ဖက်တွင်လည်း မိမိတို့ အီတလီနိုင်ငံ၏ ရပ်တည်ချက်ကိုလည်း ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း ဘာလူစကိုနီက ပြောကြားသည်။

အီရတ်နိုင်ငံတွင် လောလောဆယ်၌ အီတလီတပ်ဖွဲ့ဝင် ၃၀၀၀ခန့် တပ်ဖြန့်ချထားပြီး အီရတ်တောင်ပိုင်းရှိ ဗြိတိသျှတပ်ဖွဲ့ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဖြစ်ပွား

**ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရာမာဒီမြို့တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခံရ၍ သေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အသက် (၂၃)နှစ် အရွယ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သူ ဂျောင်ဂျင်နာကင်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက တနင်္လာနေ့၌ အတည်ပြု ပြောကြားသည်။ ယင်းသေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်မှာ အမေရိကန်နိုင်ငံ ဟိုနိုလူလူကျွန်းမှဖြစ်ပြီး အီရတ်နိုင်ငံ ရာမာဒီမြို့၌ ကင်းလှည့်နေစဉ် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်ခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကျော်ကလည်း အမေရိကန်နိုင်ငံ ဟာဝိုင်ရီမှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အသက် (၂၀) အရွယ်ရှိ ဂျို့စ်ဟူရာတက်ကမ်းမှာလည်း ၎င်း၏တင့်ကား အနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် သေဆုံးခဲ့သည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ် စစ်ပွဲဆင်နွှဲရသည့် အဓိကအကြောင်းပြချက် ဗြိတိသျှထောက်လှမ်းရေးအရာရှိများ ပြန်ရုပ်သိမ်း

လန်ဒန် အောက်တိုဘာ ၁၄

**အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲတွင် ပူးပေါင်းပါဝင်သည့် အဓိကအကြောင်းရင်းဖြစ်သော ဓာတုနှင့် ဇီဝလက်နက်များအား အီရတ်တပ်ဖွဲ့ဝင်များက ၄၅မိနစ်အတွင်း ဖြန့်ချနိုင်သည်ဆိုသော ထောက်လှမ်းရေးသတင်းကို ဗြိတိသျှထောက်လှမ်းရေး အရာရှိများက ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အင်္ဂါနေ့၌ ပြောကြားသည်။**

အမ် ၁၆ထောက်လှမ်းရေးအဖွဲ့က ယင်းသို့ ရုပ်သိမ်းလိုက်သည့်အတွက် ဝန်ကြီးချုပ် တိုနီဘလဲအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။

အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲ တွင် ဗြိတိန်နိုင်ငံ ပူးပေါင်းခဲ့ရသည့် ဝန်ကြီးချုပ်တိုနီဘလဲ၏ အဓိကအကြောင်းပြချက်မှာ ဆက်ဒမ်ဟူစိန်၌ တားမြစ်လက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဆိုခြင်းပင် ဖြစ်သည်။

ယခုလအစောပိုင်းက လေဘာပါတီ၏ နှစ်ပတ်လည် ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ဗြိတိသျှထောက်လှမ်းရေးသတင်းသည် ချွတ်ယွင်းချက်ရှိကြောင်း ဘလဲကဝန်ခံပြောကြားခဲ့သည်။

ထောက်လှမ်းရေးသတင်းများယွင်းခြင်းအတွက် မိမိတောင်းပန်နိုင်သော်လည်း ဆက်ဒမ်အား ဖယ်ရှားသည့်အတွက်မူ မတောင်းပန်နိုင်ကြောင်း ဘလဲက ပြောကြားခဲ့သည်။

အီရတ်၌ ဓာတုနှင့် ဇီဝလက်နက်များ သိုလှောင်သိမ်းဆည်းထားသည်ဆိုသော စစ်ပွဲမဖြစ်မီက ဘလဲ၏ အကဲဖြတ်ချက်များသည် အမှားများဖြစ်ကြောင်း နိုင်ငံရေးအတိုက်အခံများက ပြောကြားပြီး ထိုထောက်လှမ်းရေး သတင်းအမှားအတွက် ဘလဲ တောင်းပန်ရန် တောင်းဆိုခဲ့ကြသည်။ **(အင်တာနက်)**

# အီရတ်အရေးဆွေးနွေးပွဲ ပြင်သစ်တက်ရောက်မည်

ပါရီ အောက်တိုဘာ ၁၅

**လာမည့်လတွင် ကျင်းပမည့် အီရတ်နိုင်ငံအရေး ညှိနှိုင်းဆွေးနွေးပွဲသို့ ပြင်သစ်နိုင်ငံက တက်ရောက်မည်ဖြစ်ကြောင်းနှင့် အီရတ်ရှိ အမေရိကန်တပ်များ ရုပ်သိမ်းရေး ဆွေးနွေးမည့်အစည်းအဝေးအစီအစဉ်ကိုမူ ခြွင်းချက်အဖြစ်ထားရှိမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။**

အီရတ်နိုင်ငံအရေး ညှိနှိုင်းဆွေးနွေးပွဲ၌ ပေါ်ထွက်ခဲ့သော အကြံဉာဏ်များကို ပြင်သစ်နိုင်ငံက ထောက်ခံသော်လည်း အီရတ်ရှိ တပ်ဖွဲ့များ ရုပ်သိမ်းရေး ဆွေးနွေးရန် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းပြီး အီရတ်ရှိ နိုင်ငံရေးအုပ်စုများကို ဖိတ်ကြားသင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက ပြီးခဲ့သောလ၌ ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် အီရတ်အရေးညှိနှိုင်းဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက်ရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားကြောင်း အီရတ်နိုင်ငံအား ယမန်နှစ်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်ဝင်ရောက်မှုကို မလိုလားသော ပြင်သစ်သမ္မတဂျက်ရှီရက်က အာရှနိုင်ငံများခရီးစဉ်အတွင်းဟောင်ကောင်၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**ရှင်းလင်းပွဲ**

ဇန်နဝါရီလ၌ ကျင်းပမည့် ရွေးကောက်ပွဲကို ကူညီရန်နှင့် အီရတ်နိုင်ငံတည်ငြိမ်ရေး တိုးမြှင့်ကူညီရန် နိုင်ငံခြားရေးဝန်ကြီးများအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ကိုင်ရိုမြို့၌ နိုဝင်ဘာလကုန်တွင် ကျင်းပမည်ဟု သိရသည်။

**အမ်အင်အေ၊ရိုက်တာ**



မီးလောင်

**မိုဆူးလ်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အပြန်ခံထားရသော ကန်ဓာတ်ပုံဆရာ ခုခံတိုက်ခိုက်ရေးသမားတို့ ပြန်လွှတ်ပေး

ဝါရှင်တန် အောက်တိုဘာ ၁၅

**ဘဂ္ဂဒက်မြို့တွင် တနင်္ဂနွေနေ့၌ လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများက ဖမ်းဆီးခေါ်ဆောင်သွားသော အမေရိကန်ဓာတ်ပုံဆရာအား ပြန်လွှတ်ပေးလိုက်ရာ ၎င်းသည် လုံခြုံဘေးကင်းရှင်းစွာရှိကြောင်း တာဝန်ရှိသူ တစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။**

အသက် (၂၄)နှစ်ရှိ ပေါလ်တက်ဂတ်ဆိုသူ ဓာတ်ပုံဆရာသည် ပြန်လည်လွတ်မြောက်လာပြီးနောက် အိုကလာဟိုမာဆူလ်ဘာရှိမိဘများထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ကြောင်း နယူးယောက်ရှိ ဝေါလ်ပစ်ချာနယူးစ်အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် စတီဖင်ကလေးပိုးက ပြောကြားသည်။

တနင်္ဂနွေနေ့ နံနက်စောစောပိုင်း၌ မျက်နှာဖုံးစွပ်ထားသော သေနတ်သမားသုံးဦးသည် အီရတ်၌ငါးလကြာ ရောက်ရှိနေခဲ့သော ဓာတ်ပုံဆရာတက်ဂတ်၏ယာဉ်အား ကြားဖြတ်ဟန့်တား၍ ပြန်ပေးဆွဲသွားခဲ့ကြောင်း ကလေးပိုးက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

# အီရတ် ထောက်လှမ်းရေး အရာရှိနှစ်ဦး ပြောက်ကျားအဖွဲ့က အဆုံးစီရင်

ဒူဘိုင်း အောက်တိုဘာ ၁၅

**အီရတ်ထောက်လှမ်းရေးအရာရှိနှစ်ဦးအား အဘူမူဆက်အယ်ဇာကာဝီဦးဆောင်သော ပြောက်ကျားအုပ်စုက အဆုံးစီရင်လိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က အင်တာနက်တွင် သတ်ဖြတ်သည့် ဗီဒီယိုတိပ်ခွေကို ပြသထားသည်။**

တော်ဟစ်နှင့် ဂျီဟတ်အဖွဲ့၏ အဆိုပါဗီဒီယိုအခွေသည် အီရတ် ထောက်လှမ်းရေးအရာရှိများဟု ဖော်ပြသော မှတ်ပုံတင်ကတ်များနှင့် ပြောက်ကျားများက ၎င်းအရာရှိနှစ်ဦးအား သတ်ဖြတ်ခဲ့သည်ကို ပြသထားသည်။

**ဖမ်းဆီး**

မိမိတို့သည် စက်တင်ဘာ၂၈ရက်က ဘဂ္ဂဒက်မြို့ ဟိုင်ဖာလမ်းမကြီးပေါ်တွင် အမျိုးသမီးတစ်ဦး၏ရုပ်အလောင်းကိုဖယ်ရှားရန်ကြိုးပမ်းစဉ် ပြောက်ကျားများက ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်းအဆိုပါအရာရှိနှစ်ဦးက ယင်းတိပ်ခွေ၌ ပြောကြားခဲ့သည်။

မိမိအနေဖြင့် အစိုးရအေဂျင်စီများဖြစ်သည့် ထောက်လှမ်းရေး၊ လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲအဖွဲ့များတွင် အလုပ်လုပ်ကိုင်သည့် အီရတ်ညီအစ်ကိုများအနေဖြင့် အသိတရားရကြရန် အကြံပေးလိုကြောင်း အဆိုပါအရာရှိနှစ်ဦးအနက် တစ်ဦးက ပြောကြားသည်။

ပြီးခဲ့သောလက ဟိုင်ဖာလမ်းမကြီးပေါ်တွင် အီရတ် တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်ပြောက်ကျားများတိုက်ပွဲဖြစ်ပွားရာတွင် မတ်တောအား သတ်ဖြတ်ပြီး သူမ၏အဖော်သုံးယောက်ကို ပြန်ပေးဆွဲခဲ့သည်ဟု တော်ဟစ်နှင့် ဂျီဟတ်တို့က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

*စာမျက်နှာ ၃ မှ*

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီခွဲတွင် ဆက်လက်ကျင်းပရာ **'မှန်ညောင်သဘ္ဘာ(ဝတ်တော်ရုံ)'**သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မရွှေယမင်းဦး၊ ရန်ကုန်တိုင်းမှ မဆုရည်ပြုံး၊ မန္တလေးတိုင်းမှ မချိုမှူဝင်း၊ ပဲခူးတိုင်းမှ မချိုဇင်ထွန်း၊ ရန်ကုန်တိုင်းမှ မခင်မေအောင်နှင့် ဧရာဝတီတိုင်းမှ မတင်နီလာဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကိုကျင်းပရာ **'ဆန်းနွှေဦး(ယိုးဒယား)'** သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ဘုန်း၊ ရန်ကုန်တိုင်းမှ မောင်ထက်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်သိုင်းထက်၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်မျိုးထွန်းကျော်နှင့် ပဲခူးတိုင်းမှ မောင်ထက်မင်းကိုတို့ ပြိုင်ပွဲဝင်ကြသည်။

အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် နှဲပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ်နှင့်အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် နှဲပြိုင်ပွဲတို့ကို ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ပတ္တလားအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ ကမ္ဘောဇဇာတ်ရုံ၌ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၅-၁၀) နှစ် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် **'ဝေဘာဂီရိ(ကြီး)'**သီချင်းဖြင့် စစ်ကိုင်းတိုင်းမှမောင်ဝင်းကိုကို၊ ရှမ်းပြည်နယ်မှ ခွန်သက်နိုင်ဦး၊ မန္တလေးတိုင်းမှ မောင်ကျော်သူရဝင်း၊ ပဲခူးတိုင်းမှ မောင်နန်းဦးထက်၊ ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုး၊ မန္တလေးတိုင်းမှ မောင်မင်းခန့်မောင်၊ ရန်ကုန်တိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်ဦးနှင့် ဧရာဝတီတိုင်းမှ မောင်သံစဉ်တွယ်တာတို့ ပါဝင်ယှဉ်ပြိုင် တီးခတ်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး)ပတ္တလား အတီးပြိုင်ပွဲကို ကျင်းပရာ **'ဝေဘာဂီရိ(ကြီး)'**သီချင်းခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မမေဖူးသက်ခိုင်၊ မန္တလေးတိုင်းမှ မပိုပိုသီရိလွင်၊ တနင်္သာရီတိုင်းမှ မဝါဝါခိုင်၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ ပဲခူးတိုင်းမှ မသဉ္ဇာသန်းနွယ်၊ မကွေးတိုင်းမှ မစုနိုင်ငွေး၊ ရခိုင်ပြည်နယ်မှ မမေသူဝင်း၊ မန္တလေးတိုင်းမှ မရတနာဦး၊ ဧရာဝတီတိုင်းမှ မဇာဇာတိုး၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ ရှမ်းပြည်နယ်မှ မခိုင်ဆုဝေနှင့်ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်တို့ ပါဝင်ယှဉ်ပြိုင် တီးခတ်ကြသည်။

အောက်တိုဘာ ၁၈ရက်တွင် ပညာရှင်အဆင့်(အမျိုးသား)၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၊ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)(အမျိုးသမီး)နှင့်အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) (အမျိုးသမီး)ဂီတာ အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**





## ကြည့်ရှုအားပေး

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ပရိသတ်များ ရာမာယဏ ဇာတ်တော်ကြီး ပြိုင်ပွဲတွင် ဧရာဝတီတိုင်း ကိုယ်စားပြု ဖျာပုံနန်းတွင်းရာမဇာတ်အဖွဲ့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**

# ဆီမီး၊ပန်း၊ရေချမ်း ၈၄၀၀၀ ပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်မေ္ဘာရုံ ဥပါသကာဝတ်အဖွဲ့နှင့် လက်ပံတန်းမြို့နယ် ဝတ်အဖွဲ့တို့ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆီမီး၊ ပန်း၊ရေချမ်း ၈၄၀၀၀ ပူဇော်ပွဲကို မူလသတ်မှတ်ရက်အစား ရက်ပြောင်းရွှေ့၍ သီတင်းကျွတ်လပြည့်နေ့ညတွင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ၅၀၀၀၊ပန်း၊ရေချမ်းတော်များပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေ ၅ နာရီမှစ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး၊ ပန်း၊ ရေချမ်း ၈၄၀၀၀ ပူဇော်ပွဲတို့ကို ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုဝင်များ ရာမာယဏဇာတ်တော်ကြီး ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၇

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းကိုယ်စားပြု ဖျာပုံနန်းတွင်းရာမဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။**

### ကြည့်ရှုအားပေး

ရာမာယဏ ဇာတ်တော်ကြီးပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုဝင်များ၊ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင်၊ အနုပညာရှင်ကြီးများ၊ အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးတန်ဖိုးထားကြသော အနုပညာဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

### အကဲဖြတ်အမှတ်ပေး

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် ဧရာဝတီတိုင်းကိုယ်စားပြု ဖျာပုံနန်းတွင်းရာမဇာတ်အဖွဲ့မှ ဦးသိန်းမြင့်(ဖျာပုံ)က ဇာတ်ညွှန်းရေးသား၍ ရာမအဖြစ် ဦးမြင့်အုန်း၊ လက္ခဏအဖြစ် ဦးကျော်ဟိန်း၊ သီတာဒေဝီအဖြစ် ဒေါ်ကြူကြူခိုင်၊ ဒသဂီရိအဖြစ် ဦးဇော်ဦးလှိုင်(ခ)ဦးဇော်ဦး၊ ဟနုမာန်အဖြစ် ဦးသက်နောင်နှင့် ရွှေသမင်အဖြစ် ဦးသန်းဝင်းတို့က ဇာတ်ပို့၊ ဇာတ်ရန်များနှင့်အတူ ရှာစားစိန်တင်ရွှေ(ကျိုက်လတ်)အဖွဲ့နှင့်တွဲဖက်လျက် ရာမာယဏဇာတ်တော်ကြီးကို အနုပညာရသပေါ်လွင်စေရန် အဆို၊အငို၊အပြောတို့ဖြင့် ယှဉ်ပြိုင်တင်ဆက်ကြပြီး ဇာတ်တော်ကြီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၈ ရက် ည ၇ နာရီတွင် ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ စတုတ္ထနေ့အဖြစ် မန္တလေးတိုင်းကိုယ်စားပြုဇာတ်အဖွဲ့က ရာမာယဏဇာတ်တော်ကြီးကို ဆက်လက်ယှဉ်ပြိုင် တင်ဆက်ကပြကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်းတျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၅။ | ၁၈-၁၀-၂၀၀၄ (တနင်္လာနေ့) | **မဟာဂီတ**(နံနက်) (၁) အဆင့်မြင့်(မ) **မဟာဂီတ** (နေ့လယ်) (၂) အခြေခံ(၅-၁၀) (ကျား) | **အမျိုးသားအက**(နံနက်) (၁) ပညာရှင် **အမျိုးသမီးအက** (နေ့လယ်) (၂) အခြေခံ(၁၅-၂၀) **ရာမာယဏဇာတ်တော်ကြီး** (ညပိုင်း) မန္တလေးတိုင်း ကိုချမ်းချမ်းမိုးနှင့်အဖွဲ့ | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း** (၁) ပညာရှင် | **ဂီတာ** (၁) ပညာရှင်(ကျား) (နံနက်) (၂) အဆင့်မြင့်(ကျား) (နံနက်) (၃) အခြေခံ(၁၀-၁၅) (ကျား-မ)(နေ့လယ်) (၄) အခြေခံ(၁၅-၂၀) (ကျား-မ)(နေ့လယ်) | **နှဲ** (၁) ပညာရှင်(နံနက်) (၂) အခြေခံ(၁၀-၁၅) (နေ့လယ်) (၃) အခြေခံ(၅-၁၀) (နေ့လယ်) |
| ၆။ | ၁၉-၁၀-၂၀၀၄ (အင်္ဂါနေ့) | **ဓမ္မပူဇာတေး**(နံနက်) (၁) အဆင့်မြင့်(ကျား) (၂) အခြေခံ(၅-၁၀)(မ) **ခေတ်ဟောင်း/ကာလပေါ်** (နေ့လယ်) (၃) အခြေခံ(၁၅-၂၀)(မ) | **အမျိုးသမီးအက**(နံနက်) (၁) ဝါသနာရှင် **အမျိုးသားအက** (နေ့လယ်) (၂) အခြေခံ(၅-၁၀) **ရာမာယဏဇာတ်တော်ကြီး** (ညပိုင်း) | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း** (၁) အခြေခံ(၁၀-၁၅) | **ပတ္တလား** (၁) အဆင့်မြင့်(မ) (နံနက်) (၂) အခြေခံ(၁၀-၁၅) (ကျား)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်** (၁) အခြေခံ(၅-၁၀) (ကျား)(နံနက်) (၂) အခြေခံ(၁၀-၁၅) (ကျား)(နေ့လယ်) |

## ဒွါဒသမ၏ ပဏာမအဖွင့်

❑ မြန်မာ့ရိုးရာ
စဉ်လာရှေးရှု၊ ယဉ်ကျေးမှုတည့်
အနုအလှ၊ သုခုမ၏
ဆို က ရေး တီး၊ ဝှဲချီးသဘင်
ပွဲကြီးယင်၍၊ နှစ်စဉ် နွှဲလာ
အောင်ပွဲဖြာလျက်
ဒွါဒသမ၊ ၁၂ ကြိမ်ရပြီ
ဂီတသမိုင်းထွန်းသစ်ခဲ့။

❑ တိုင်းနှင့်ပြည်နယ်၊ ဆယ့်လေးသွယ်မှ
ကြယ်ပွင့်ကလေးများ၊ အလင်းအားတို့
တောက်ကြွားရွှန်းမြ၊ အစွမ်းပြဖို့
ထွန်းပအားမာန်ဝင့်လေပြီ။

❑ သာပေါင်းနုစို၊ ဆောင်းအကြိုဝယ်
'ဆို'သီ တေးသံ၊ မြူးလွင့်ပျံလိမ့်
'က'ဟန် ကကြိုး၊ အလှတိုးလိမ့်
'ရေး'ပျိုး သီဖွဲ့၊ သံစဉ်နွှဲ့လိမ့်
'တီး'တဲ့ လက်သံ၊ ဘဝင်ညံလိမ့်
နဘံ မိုးလုံး ခြိမ့်ခြိမ့်တည်း။ ။

မောင်ရွှေနွယ် (အင်းလေး)

# တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများစိုက်ထူ

ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်ရှိ သုကုမာရမဂ္ဂဒီပနီ သုံးထပ်ကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ မရမ်းကုန်းမြို့နယ် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ကန်ဦးဇေတဝန် စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသနှင့် ပရိယတ္တိစာသင်တိုက်များမှဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် အာရာမာဓိပတိ ဆရာတော်ကြီးအား သက်န်းအစ ရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကန်ဦးဇေတဝန်စာသင်တိုက် ပဓာနနာယက ဆရာတော်အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအားလည်းကောင်း သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က နာဂလိုဏ်ဂူ ကလေးဝစာသင်တိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက်ရှစ်တိုက်အတွက် လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို သီလရှင်ဆရာကြီးများထံ လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ဆွမ်းဆန်အိတ်များကို လည်းကောင်း၊ သာသနာရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်များက သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်အိတ်များကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းသော ဆီနှင့် ဆပ်ပြာများကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများကို ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆားစက်လုပ်ငန်းရှင်များက လှူဒါန်းသော ဆားနှင့် သွားတိုက်ဆားဘူးများကို ကိုယ်စားလှယ်များကလည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနမိသားစုက လှူဒါန်းသော တိုင်းရင်းဆေးများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်မြတ်အုန်းခင်ကလည်းကောင်း ဆရာတော်ထံ အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် လူမှုထူးချွန် ပထမဆင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း–သီဟသုဓမ္မသင်္ဂီ သီရိသုဓမ္မသင်္ဂီ ဒေါ်နီမိသားစုက ဆွမ်းဆန်တော် ၂၄အိတ်နှင့် ဆီပိသာ၅၀၊ ဘုရင့်နောင်ပွဲရုံမှ ဦးငြိမ်း–ဒေါ်အုံးတင်တို့က ဆွမ်းဆန်တော်အိတ်၂၀၊ စန္ဒီပရဆေးထုတ်လုပ်ရေးမှဦးသိန်းမောင်–ဒေါ်ပါးပါးမိသားစုက ဆွမ်းဆန်တော် ၁၀အိတ်၊ တုန်းတာကုမ္ပဏီလီမိတက်မှ ဦးခင်မောင်လတ်–ဒေါ်မိုးမိုးအေး၊ သား အုပ်စွမ်းပြည့်မိသားစုက ဆွမ်းဆန်တော် ၁၀အိတ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဆွမ်းဆန်တော်ငါးအိတ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်–ဒေါ်နုမေမိသားစုက ဆီပိသာ ၂၀၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ဂရိတ်ဝေါဆေးမျိုးစုံ ၂၄၆၂ဘူး၊ မှန်ချိုဆေးတိုက်က မှန်ချိုဆေး ၂၅၀၀၊ ထွန်းရွှေဝါဆေးတိုက်က ထွန်းရွှေဝါဆေးနှင့် ကေသီပန်ဆေး ဘူး ၁၄၄၀၊ ထက်လင်း ဆေးတိုက်က ထက်လင်းရင်လူးဆေး ဘူး၁၇၅၀၊ သမားတော်ဦးရွှေမြက ဆေးထုပ်၂၄၀၀၊ လူပျံတော်ပတ္တမြား ဦးအောင်မြင့်–ဒေါ်ဖြူသီတို့က လူပျံတော်ပတ္တမြားဆေးမျိုးစုံ ၉၉၂ဘူး၊ မြမြင့်မိုရ်ဆေးတိုက်က ဆေးဘူး ၃၀၀၊ ဆန္ဒမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ဆန္ဒမွန်ဆေးဘူး ၁၄၄ဘူးနှင့် ဦးမြတ်ကျော် (ကံ့ကော်ရိပ်သာစားသောက်ဆိုင်)က ဆွမ်းဆန်တော် ၁၀အိတ်တို့ကို ဆရာတော်ထံအသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းပဒေသာပင်ငွေလှူ

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေလှူဒါန်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ငွေကျပ် ၃၉၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၁၇၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ်၃၉၀၀၀၀၊ ဦးမောင်မောင်ခဆွေ အားရည်စူး၍ သီရိသုဓမ္မသင်္ဂီ ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခ မိသားစု ပြည်သူ့လမ်း၊ မရမ်းကုန်းမြို့နယ်က လှူဒါန်းသည့် ငွေကျပ် ၄၅သိန်းနှင့် ဦးတင်စိန်–ဒေါ်နန်းခမ်းတစ် (မြန်မာယူနီဗာဆယ်ဘဏ်)က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းတို့ကို လက်ခံသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဝဏ္ဏကျော်ထင်ဦးဦးထွန်း (စီးပွား/ကူးသန်းဝန်ကြီးဌာန) က လှူဒါန်းငွေကျပ် ငါးသိန်း၊ ပတ္တမြားနဂါးကုမ္ပဏီနှင့် ကျောက်စိမ်းနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်းနှင့်ဇနီး ဒေါ်နန်းအေးအေးမြင့်မိသားစုက လှူဒါန်းငွေကျပ် ငါးသိန်း၊ ဘုရင့်နောင်ပွဲရုံ နယ်မြေစည်းကမ်းထိန်းသိမ်းရေး ကော်မတီက လှူဒါန်းငွေကျပ်လေးသိန်း၊ ဂရိတ်နိုင်း ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးအိုက်လင်းက ငွေကျပ် ၁၀သိန်း၊ မရမ်းကုန်း (၁)ရပ်ကွက်နေ ပြည်သူများ လှူဒါန်းငွေကျပ် ၆၄၀၀၀၀၊ ပီအိုနီ ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးအောင်အောင်က လှူဒါန်းငွေကျပ်ငါးသိန်း၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်–ဇနီး သီရိသုဓမ္မ မဏိဇောတဓရ ဒေါ်တင်တင်ဝေမိသားစုက လှူဒါန်းငွေကျပ် တစ်သိန်းနှင့် ရဟန်းအမ ကျောင်းအမကြီး ဒေါ်မြင့်မြင့်သိန်းအား ရည်စူး၍ ဒေါ်ခင်သန့်စင်၊ ဒေါ်နန်းမြင့်မြင့်ဦး ၅၁ လမ်းတို့က လှူဒါန်းငွေကျပ် ငါးသိန်းတို့ကို လက်ခံသည်။

ထို့နောက် ရဟန်းဒါယကာ ဒါရိုက်တာ ဦးတင်ယု၊ ဒါယိကာမ ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ် ငါးသိန်း၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီ ဦးတင်ဝင်း–ဒေါ်စမ်းဝင်း တို့က ငွေကျပ် သုံးသိန်း၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးနှင့် ညီများက ငွေကျပ် သုံးသိန်း၊ ဦးသိန်းမောင်–ဒေါ်ပါးပါး (စန္ဒီပရဆေး) က ငွေကျပ် ၃၀၀၀၇၀၊ ဘီတီဘီ ကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ငွေးငွေးညွန့်တို့က ငွေကျပ် နှစ်သိန်း၊ ဝင်းရတနာ ခရီးသွားလုပ်ငန်းမှ ဦးတင်အောင်–ဒေါ်လှနွယ်တို့က ငွေကျပ်နှစ်သိန်း၊တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ရွှေကိန္နရီဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်တစ်သိန်း၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ သား မောင်ထက်လင်းတို့က ငွေကျပ်နှစ်သိန်း၊ မြင့်မြတ်စပါးရောင်းဝယ်ရေးမှ ဦးအောင်မွန်–ဒေါ်လှလှမွန်တို့က ငွေကျပ်နှစ်သိန်း၊ ဦးအောင်မြင့်(ချမ်းမြေ့တည်းခိုခန်း)၊ ဦးကျော်ဝင်း(ဘုရင့်နောင်ပွဲရုံနယ်မြေ)၊ ဦးမင်းဒင်–သီရိသုဓမ္မသင်္ဂီ ဒေါ်ဝင်းဝင်းအေး (ခ) မကြီး (ရတနာဝင်းဓာတ်မြေဩဇာပွဲရုံ)၊ ဦးအေးမြင့်၊ ဒေါ်ခင်စန္ဒာဝေ (လှသီတာရွှေဆိုင်)၊ ဦးဝင်းဆွေ–ဒေါ်မင်းသွယ်နု၊ သား ရပ်ရှင်သရုပ်ဆောင် ခန့်စည်သူမိသားစု၊ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက်နှင့် အမှတ် (၆) ရပ်ကွက်၊ အမှတ် (၅) ရပ်ကွက် တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါ်မြမြမိုး (မရမ်းကုန်းမြို့နယ်)၊ အေးသီတာလမ်းမှ ဦးဟုတ်ခင် မိသားစု၊ မင်းကျောင်းလမ်းမှ ဦးကျော်စိန်မိသားစုနှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်–ဇနီး ဒေါ်နုမေမိသားစု၊သမ္မတသင်္ကန်းတိုက် ဦးသန်းနိုင် – ဒေါ်ကြည်ကြည်ဆွေမိသားစုနှင့် ရွှေသံလွင် ကုမ္ပဏီမှ လူမှုထူးချွန် ပထမဆင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း–သီဟသုဓမ္မသင်္ဂီ ဒေါ်နီ မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀စီ၊ မှန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှငွေး–ဆရာမ ဒေါ်တင်နွယ်ဦးတို့က ငွေကျပ် ၁၁၁၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၁၁၁၀၀၀၊ ဦးသန်းငွေးလွင် (စက်အပိုပစ္စည်းအရောင်းဆိုင် ဘုရင့်နောင်)၊ ဦးဇော်မင်းဦး၊ သီဟသုဓမ္မသင်္ဂီဒေါ်ဝင်းဝင်းငွေး(ခ)မငယ်(အောင်ရတနာဝင်း၊ ဓာတ်မြေဩဇာပွဲရုံ ဘုရင့်နောင်)၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ရွှေကိန္နရီ ဆောက်လုပ်ရေးကုမ္ပဏီ၊ ယာဉ်နှင့် စက်အပိုပစ္စည်း ရောင်းဝယ်ရေး (ဘုရင့်နောင်) ဈေးသာယာရေး ကော်မတီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်စောကြူ (မြန်မာ့စိန်ဘုရင်နှင့် ငွေရင်ရင် ရတနာရွှေဆိုင်)မိသားစု၊ ဦးထွန်း–ဒေါ်တိုးနှင့် ဦးဆမ်အားရည်စူး၍ ဒေါ်စောညွန့်မိသားစု(ပြည်တော်သာအိမ်ရာ)၊ ဦးသိန်းလွင်–ဒေါ်ခင်သန်း (ကန်ညီနောင်) (၅)ရပ်ကွက်၊ မရမ်းကုန်း၊ ဦးအေးမြင့် နံ့သာလမ်း၊ အလုံ၊ ဦးရဲထွန်း(ဒု–အကောက်ခွန်မှူး) မိသားစု၊ ဒေါ်အမာ ကျောက်မြောင်း၊ ဒေါ်သန်းနု (ဒေါ်နုမိသားစု) အလှူပစ္စည်းမျိုးစုံ အငှားဆိုင် လှိုင်၊ ဦးလှမြင့်–ဒေါ်ခင်အေးမော် ပန်းဆိုးတန်း၊ ဦးသိန်းဇော် (၁၆၈ယာဉ်လိုင်းခွဲ ဌာနမှူး)၊ ဦးကျော်ငွေးဦး–ဒေါ်မိမိခိုင်၊ မရမ်းကုန်းမြို့နယ် အမှတ်(၇) ရပ်ကွက် စေတနာရှင်ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် စေတနာရှင်ပြည်သူများ၊ ကွယ်လွန်သူ ဆရာမကြီးဒေါ်အေးချို အားရည်စူး၍ ဦးကျော်လှိုင် (၉)ရပ်ကွက် မရမ်းကုန်း၊ ဒေါ်အေးမင်းမိသားစု (၆)ရပ်ကွက် မရမ်းကုန်း၊ ဦးခင်မောင်လတ် – ဒေါ်မိုးမိုးအေး တုန်းတာကုမ္ပဏီလီမိတက်၊ဦးမျိုးမြင့်–ဒေါ်လှတိုး ဇမ္ဗူရတနာ ကုမ္ပဏီ၊ ဦးသိန်းဟန်–ဒေါ်ဟွန်ချွန် စမ်းချောင်း၊ ဦးလင်းဝင်း–ဒေါ်ရီရီစိန် (လင်းဝင်းကုမ္ပဏီ)အလုံ၊ ဦးသိန်းဝင်း– ဒေါ်တင်တင်ဝင်း ရွှေသပြေ ကုမ္ပဏီနှင့် ဒေါက်တာအောင်နိုင်ဦး–ဒေါက်တာအေးစုမော်တို့က အလှူငွေကျပ် တစ်သိန်းစီကိုလည်းကောင်း၊ ကွယ်လွန်သူ ဦးကြည်အား ရည်စူး၍ ပိတောက်ရိပ်ငြိမ် မိသားစု၊ ကွယ်လွန်သူဦးပေါ်အေးအား ရည်စူး၍ သမိုင်းလမ်းဆုံမိသားစု၊ ကမ္ဘာ့အေးအဆင့်မြင့်အိမ်ရာစီမံကိန်း ဒါရိုက်တာအဖွဲ့၊ ဦးခင်ငြိမ်း(အင်ဂျင်နီယာမှူး)၊ ဒေါက်တာညိုညိုထွန်း၊ ဒေါက်တာညွန့်ဦး–ဒေါ်ခင်အေး၊ဦးနှင်းစိန်–ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်၊ ကြည့်မြင်တိုင်)၊ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)–ဒေါ်မြညွန့်၊ မိခင်ကြီး ဒေါ်အေးသန်း၊ ဗိုလ်မှူးစိုးမြ–ဒေါ်နုရွှေဝါ (၁၀)ရပ်ကွက် မရမ်းကုန်း၊ မရမ်းကုန်းမြို့နယ်အမှတ်(၁၀)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် စေတနာရှင်ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်စေတနာရှင်ပြည်သူများနှင့် ဗိုလ်မှူးကြီးအောင်ဆန်း–ဒေါ်ခင်ဥမ္မာရှိန်(အေဝမ်းခြံ မရမ်းကုန်း) တို့က အလှူငွေကျပ် ငါးသောင်းစီနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက လက်ခံယူကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

## လျှောက်ထား

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများစိုက်ထူလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက လျှောက်ထားတင်ပြသည်။

## ရေစက်ချအမျှဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသက အနုမောဒနာ ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

***စာမျက်နှာ ၇ ကော်လံ ၁***

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများဝတ်အသင်းက အရပ်ဆယ်မျက်နှာမေတ္တာပို့သကြပြီး ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ စာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့အတွက် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၁၅၇အိတ်၊ ဆီ ၆၅၈ပိဿာ၊ ပဲ၁၂၆၇ပိဿာ၊ အိုင်အိုဒင်းဆား ၅၅၈၆ပိဿာ၊ သွားတိုက်ဆား၁၁၇၇ဘူး၊ ဆပ်ပြာ ၁၁၁၇၃တုံး၊ ဆေးမျိုးစုံ၁၃၈၅၇ဘူးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းငွေ စုစုပေါင်းကျပ် ၂၀၆၇၆၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မွတ်ဆလင် သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ၃နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် မိချောင်းကန် (၂)ရပ်ကွက် ပြည်သာယာလမ်းရှိ မွတ်ဆလင် သက်ကြီးဂေဟာ၌ ကျင်းပသည်။

အစီအစဉ်အရ မွတ်ဆလင် သက်ကြီးဂေဟာ ဂေဟာမှူး(၂)ဦးကျော်ဝင်းက ကျမ်းမြတ်ကုရ်အာန်ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆန်၊ဆီ၊ ပဲများနှင့် အလှူငွေကျပ်နှစ်သောင်းကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုးနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က မွတ်ဆလင် သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့မှ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆန်နှင့် ငွေကျပ်ခြောက်ထောင်ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ဆန်များကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က လှူဒါန်းသော ဆန်နှင့် ငွေကျပ်နှစ်သိန်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းတို့ကလည်းကောင်း သက်ကြီးဂေဟာနှင့် ရိပ်သာတို့မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်များက လှူဒါန်းကြသော ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက သက်ကြီးဂေဟာနှင့် ရိပ်သာတို့မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူငွေများအဖြစ် ရှိုင်းဆောက်လုပ်ရေးက ငွေကျပ် ၁၁ သိန်း၊ Mother Land ဆောက်လုပ်ရေး၊ ရတနာမြိုင်ဆောက်လုပ်ရေးနှင့် အမ်အမ်ဂျီဆောက်လုပ်ရေးတို့က ငွေကျပ် ၁၀သိန်းစီ၊ Asia Winner Industrial Co., Ltd.၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး၊ နိုင်ဂရုဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီဆိုင်တို့က ငွေကျပ် ၁၂ သိန်းစီ၊ MTPဆောက်လုပ်ရေး၊ ဆူပါဆဲဗင်း အင်တာနေရှင် နယ်လီမိတက်၊ ပန်းချယ်ရီနာရီရောင်းဝယ်ရေး၊ ကေဝိုင်ကျော်ကျော်ထရေးဒင်း၊ Lion King Co., Ltd.နှင့် မြန်မာနဒီ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ နက်ဝပ်ကွန်နက်တင်း ကုမ္ပဏီလီမိတက်တို့က ငွေကျပ်ငါးသိန်းစီ၊ နီလာဒံပေါက်ဆိုင်က ငွေကျပ်သုံးသိန်း၊ ထွေးမိသားစုဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် Mother Trading ကုမ္ပဏီတို့က ငွေကျပ်သုံးသိန်းစီ၊ ရန်ကုန်–မက္ကာ ခရီးသွားလုပ်ငန်း၊ စိုးဘရားသား ဆောက်လုပ်ရေး၊ ကမာရွတ်မြို့နယ်မှ ဦးဝင်းထွန်း၊ သရဖူဖျော်ရည်လုပ်ငန်းနှင့် UCG ဆောက်လုပ်ရေးတို့က ငွေကျပ် နှစ်သိန်းစီ၊ ငပလီဆောက်လုပ်ရေးက ငွေကျပ် ၁၁သိန်း၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးမြင့်ဦး၊ ACE ဆောက်လုပ်ရေး၊ တာမွေမြို့နယ်မှ ဒေါက်တာမိုးတင်၊ သဃ်္ဃန်းကျွန်းမြို့နယ် ကြည်သာရတနာရွှေဆိုင်၊ စိန်နှင့်ဆန်းကုမ္ပဏီ၊ ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ Silver Shine Co., Ltd.၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးလုပ်ငန်း၊ နတ်မောက်ဆောက်လုပ်ရေး၊ သန်းစာရေးကိရိယာလုပ်ငန်း၊ လေဆာ အင်တာပရိုက်ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း၊ High Top ဆောက်လုပ်ရေး၊ ဘင်္ဂါလီဆွန္နီဂျာမေဗလီအုပ်ချုပ်ရေးအဖွဲ့၊ ပိုလိုဆေးတိုက်၊ ဦးအုန်းလှိုင်မိသားစု၊ ထရိုတ်ပတ် ကုမ္ပဏီလီမိတက်၊ ပုဇွန်တောင်ဆွန္နီ မွတ်ဆလင် ဗလီဝတ်ကျောင်းအဖွဲ့၊ သာကေတမြို့နယ်မှ ဦးကြည်ဝင်းနှင့် ဦးသန်းတင်၊ ရွှေမြန်မာအောင်ကုမ္ပဏီနှင့် ကြက်လျှာစွန်းဒံပေါက်ဆိုင်တို့က ငွေကျပ်တစ်သိန်းစီ၊ ဆန်းမြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်ခြောက်သောင်းနှစ်ထောင်၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်၁၅၀၀၉၀၊ မြောက်ဥက္ကလာပမြို့နယ်မှ ချမ်းမြေ့စတိုးက ငွေကျပ်ခြောက်သောင်းသုံးထောင်၊ ဘီတီဘီကုမ္ပဏီ၊ မှန်ချိုဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်နှင့် မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်းတို့က ငွေကျပ်ငါးသောင်းစီ၊ စိန်ကုလားဆေးတိုက်၊ ဦးတင်လှမိသားစု၊ နက်ဝပ်ကုမ္ပဏီလီမိတက်၊ ဦးသိန်းဝင်းမိသားစု၊ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် Niceဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့က ငွေကျပ်ငါးသောင်းစီ၊ စိန်စကြာ လွှယ်အိတ်လုပ်ငန်းက ငွေကျပ်နှစ်သိန်း၊ ဦးအောင်မြင့် မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဦးအောင်ဝင်း သံနန်းဆွဲလုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီ၊ Ghaniwin Ltd. က ငွေကျပ်ခုနစ်သောင်း၊ ဦးတင်ဦး သံဘူးလုပ်ငန်း၊ B.C ဆောက်လုပ်ရေးနှင့် လစန္ဒာစက္ကူနှင့် ပုံနှိပ်လုပ်ငန်းတို့က ငွေကျပ်ငါးသောင်းစီ၊ သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းမှ စေတနာရှင်များက ငွေကျပ်ငါးသောင်းသုံးထောင် အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၁၇၇၂၈၀၉၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့ ကိုယ်စား လက်ခံကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်ဦးမောင်မောင်ခဆွေအား ရည်စူး၍ သီရိ သုခမ္မသိင်္ဂီ ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခ မိသားစု၏ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၄၅ သိန်းကို လက်ခံစဉ်။ (သတင်းစဉ်)**

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် သက်ကြီးဂေဟာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးလှဝေက ကျေးဇူးတင်စကား ပြောကြားပြီး ဂေဟာမှူး(၁) ဦးမြင့်သန်းက ဆုမွန်ဒိုအာ ဆုတောင်းမှုပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မွတ်ဆလင် သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှု အစုစုတို့မှာ ဆန် ၈၆အိတ်၊ ဆီ ၁၀ပိဿာ၊ အိုင်အိုဒင်းဆား ၁၀၁ပိဿာ၊ သွားတိုက်ဆားဘူး ၂၀၊ တိုင်းရင်းဆေးမျိုးစုံ ၉၂၈ဘူး၊ ပဲပိဿာ၂၀နှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၇၇၂၈၀၉၀ ဖြစ်သည်။ **(သတင်းစဉ်)**

▼ ***ကျောဖုံးမှ***

ယင်းစစ်တမ်းကောက်ယူမှုများကို ကနေဒါ၊ ပြင်သစ်၊ ဗြိတိန်၊ စပိန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ မက္ကဆီကို၊ အစ္စရေးနှင့် ရုရှားနိုင်ငံတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူ မေးမြန်းချက်ကို ဖြေကြားခဲ့သူများအနက် ပျမ်းမျှ ၅၇ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စုအပေါ်ထားရှိသည့် ၎င်းတို့၏သဘောထားသည် လွန်ခဲ့သည့်နှစ်နှစ်၊ သုံးနှစ်အတွင်း ပိုမိုဆိုးရွားလာပြီး အမြင်မကြည်တော့ကြောင်း ပြောကြားသည်။

**ဖြေကြား**

နိုင်ငံခုနစ်နိုင်ငံရှိ ဩဇာတိက္ကမကြီးမားသည့် အဓိကသတင်းစာကြီးများက ဦးဆောင်ပြီး ယင်းစစ်တမ်းများ ကောက်ယူခဲ့ရာ ယင်းခုနစ်နိုင်ငံမှ ပြည်သူများက အမေရိကန်ပြည်ထောင်စုအပေါ်ထားရှိသည့် ယင်းတို့၏သဘောထားအမြင်သည် လွန်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်အတွင်း တိုးတက်မလာရုံသာမက ပို၍ပင် ဆုတ်ယုတ်လာပြီး အမေရိကန်ကို အမြင်မကြည်လင်ကြတော့ကြောင်းဖြင့် ဖော်ပြထားသည်။ အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်တိုက်ခိုက်နေသည့် စစ်ပွဲသည် အရေးမပါ အရာမရောက်သည့်အပြင် အကြမ်းဖက်လုပ်ရပ်များကို တစ်ကမ္ဘာလုံးက တိုက်ဖျက်မှုကိုလည်း အထောက်အကူမပြုကြောင်း စစ်တမ်းကောက်ယူမေးမြန်းရာ၌ အများစုက ဖြေကြားကြသည်။

**မျှော်လင့်**

စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံ၁၀နိုင်ငံအနက် ရှစ်နိုင်ငံရှိ ဖြေကြားသူများက လာမည့်လတွင်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်ပါတီမှ ဂျွန်ကယ်ရီက လက်ရှိသမ္မတ ဂျော့ဂျ်ဘုရှ်အား အနိုင်ရသည်ကို တွေ့မြင်ကြရလိမ့်မည်ဟု မျှော်လင့်နေကြကြောင်း ပြောကြားကြသည်။

**အမြစ်တွယ်**

သဘောထားစစ်တမ်း ကောက်ယူမေးမြန်းချက်ကို ဖြေကြားခဲ့ကြသည့် ဂျပန်နိုင်ငံသား ၇၄ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံသား ရာခိုင်နှုန်း၇၀၊ ကနေဒါနိုင်ငံသား ၆၄ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံသား ရာခိုင်နှုန်း၆၀တို့ကမူ ၎င်းတို့၏ အမေရိကန်အပေါ် ရှုမြင်နေသည့် အမြင်မကြည်လင်မှုသည် ယခုမှမဟုတ်ဘဲ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်ကပင် အမြစ်တွယ်ခဲ့ခြင်းဖြစ်သည်ဟု ဖြေကြားခဲ့ကြသည်။

**ဒေါသထွက်**

၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက် ဖြစ်ရပ်နောက်ပိုင်းကာလအတွင်း၌ပင် အမေရိကန်ပြည်ထောင်စုကဦးဆောင်ပြီး အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် စစ်ပွဲများကျူးကျော်ဆင်နွှဲခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအများစုက တာလီဘန်ဖြုတ်ချရေး ကျူးကျော်တိုက်ခိုက်မှုကို ထောက်ခံခဲ့ကြသော်လည်း အီရတ်အား ကျူးကျော်တိုက်ခိုက်ရန် ဘုရှ်၏ ဆုံးဖြတ်ချက်ကြောင့် ကမ္ဘာတစ်ဝန်း၌ ဒေါသအမျက် ခြောင်းခြောင်း ထွက်ခဲ့ကြသည်။ **အမ်အင်အေ၊အေပီ။**


**တောင်းဆု ဤသို့ ခြွေပါ၏**

❊ ဤလူ့ဘောင်တွင်း၊ မှီတင်းနေသူ
ဟူဟူသမျှ၊ ဝမ်းဝဖူလုံ
ကုံလုံရိက္ခာ၊ ရှိနေပါက
သာယာဝေစည်၊ ဖြစ်လိမ့်မည်ကို
မျှော်ရည်မှန်းဆ၊ လမ်းပြလှို့ဆော်
မြော်မြင်ကြီးလှ၊ ကမ္ဘာ့ကုလသမဂ္ဂ။

❊ ကမ္ဘာ့ကုလ၊ ရှေ့ဆောင်ပြသည့်
ကောင်းစွလုပ်ငန်း၊ အဝန်းကမ္ဘာ
လိုက်နာကာဖြင့်၊ ရိက္ခာဖူလုံ
ကုံလုံပြည့်ဝ၊ ငြိမ်းချမ်းလှသည့်
လောကလူ့ရွာ၊ ဤကမ္ဘာ
မြန်စွာဖြစ်တည်ပါစေသော်။

❊ ကမ္ဘာ့ကုလ၊ မမှုကြဘဲ
ဘဝများစွာ၊ ဖျက်ဆီးကာဖြင့်
ရိက္ခာတွေပြတ်၊ လူတွေငတ်အောင်
ပြောင်ပြောင်တစ်မျိုး၊ တိုးတိုးတစ်သွယ်
ကွယ်ကွယ်တစ်နည်း၊ ဖန်တီးနေသူ
ဟူဟူသမျှ၊ ကျဆုံးကြ၍
လောကငြိမ်းချမ်းပါစေသော်။ ။

**ပိုးဝ**

(ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုဂုဏ်ပြုလျက်)


**မြန်မာ့ရုပ်မြင်သံကြား**

**၁၈–၁၀–၂၀၀၄ ရက်**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ အရေးပြိုင်ပွဲ
၈:၂၀ ၈။ ဖြူးချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၅၀ ၉။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈:၀၀ ၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၈:၁၀ ၁၁။ Discovery
၁၈:၁၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း– ၃၃)
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ **မြန်မာနိုင်ငံကို ပိတ်ဆို့ အရေးယူမှုအပေါ် ကမ္ဘာ့ထိပ်တန်း ပညာရှင်များ လက်မခံ**
၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ ကျောက်မဲခရိုင် ရေပူစမ်းစိုက်ကွင်းမှ ဆင်းရွှေလီ
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း–၄)



## မတည်အလှူငွေ

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ် တင်လှူပူဇော်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ထီးတော်တင်လှူရေးအတွက် မတည်အလှူ ငွေကျပ်သိန်း ၂၀၀ ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

ဆက်လက်၍ စစ်ကိုင်းမြို့ ဦးစိန်-ဒေါ်ချစ်မေ(စိန်ကျီးမင်း မုန့်တိုက်)၊ သား ကိုမြင့်သိန်းဦး-မဇာခြည်လင်းလင်း၊ ကိုမျိုးမြင့်-မနီနီဝင်း (စိန်ကျီးမင်း စတိုး)တို့က ထီးတော်နှင့် ငှက်မြတ်နားတော်အတွက် အလှူငွေကျပ် သိန်း ၆၀၀၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းနေ ဦးချစ်ရွှေ-ဒေါ်ခင်ဝင်းတို့အားအမှူးထား၍ ဦးမျိုးညွန့်-ဒေါ်ရီရီရွှေ၊ သမီး-ဇွန်ပွင့်၊ ဖူးပွင့်၊ စန္ဒကူးမိသားစုတို့က စိန်ဖူးတော်အတွက် အလှူငွေကျပ်သိန်း ၄၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သီတဂူဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ပရိသတ်တို့က သာဓုအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



## ✻ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတိုက်ပြည့်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

### ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆွမ်းဦးပုညရှင် စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ရင်ပြင်၌ကျင်းပသည့် ဆွမ်းဦး ပုညရှင်စေတီတော်ကြီး၏ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ်တင်လှူပူဇော်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘာသာရေးအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**မန္တလေးမြို့ တိုင်းရင်းဆေး တက္ကသိုလ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)**

## လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ် တင်လှူပူဇော်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် သီတဂူဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရက ဆွမ်းဦးပုညရှင် စေတီတော်၏ သမိုင်းကြောင်းနှင့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်သစ် တင်လှူပူဇော်မည့် အစီအမံများကို ရှင်းလင်းမိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထီးတော်၊ ငှက်မြတ်နားတော်သစ် တင်လှူရေးနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်သစ်တင်လှူပူဇော်ရေး အလှူငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့ ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ထီးတော်တင်လှူရေးအတွက် မတည်အလှူငွေ ကျပ်သိန်း၂၀၀ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆွမ်းဦးပုညရှင် စေတီတော်အား လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုကြသည်။

### တာဝန်ရှိသူများအားမှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော် ပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတောင်ရိုး၌ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)က ထိန်းသိမ်းစောင့်ရှောက်ထားရှိသော အရိယာဝံသရုပ်စုံကျောင်းသို့ ရောက်ရှိကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝေလွင်က အရိယာဝံသရုပ်စုံကျောင်းကို မူလအမွှမ်းပန်းများ မပြုပြင်မီအနေအထား၊ ပြုပြင်ဆဲနှင့် ပြုပြင်ပြီးအနေအထားတို့ကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။



ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည်ရုပ်စုံကျောင်းအတွင်းရှိရှေးဟောင်း အနုပညာလက်ရာများကို ကြည့်ရှု စစ်ဆေးပြီး ရှေးမူလက်ရာမပျက် မူရင်း မြန်မာမှုလက်ရာ မှတ်တမ်းဟောင်း များအတိုင်း စနစ်တကျ ဆက်လက် ထိန်းသိမ်းထားရှိကြရေး မှာကြားသည်။

### ထင်ရှားသော မထေရ်တစ်ပါး

အဆိုပါ အရိယာဝံသရုပ်စုံကျောင်း သည် စစ်ကိုင်းတောင်ရိုး၌ ပရိယတ္တိ အရာတွင် လွန်စွာကျော်ကြား ထင်ရှား လှသည့် ရှင်အရိယာဝံသ သီတင်းသုံး ခဲ့သောတစ်ပါးထိုင်ကျောင်းတစ်ကျောင်း ဖြစ်သည်။ ဆရာတော်မှာ သက္ကရာဇ် ၈၄၄ခုနှစ်တွင် နန်းတက်သော နရပတိ မင်းကြီးလက်ထက်မှ ဘုရင်မင်းခေါင် လက်ထက်အထိ ကျော်ကြားထင်ရှားခဲ့ သော မထေရ်တစ်ပါးဖြစ်သည်။

18-10 (08).p65 1 24.03.1905, 9:04 PM



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)က ထိန်းသိမ်းစောင့်ရှောက်ထားရှိသော အရိယာဝံသ ရုပ်စုံကျောင်းအတွင်းရှိ ရှေးဟောင်းအနုပညာလက်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။**

**(သတင်းစဉ်)**

ရုပ်စုံကျောင်းမှာ တစ်ပါးထိုင်သစ်သားကျောင်း တစ်ကျောင်းဖြစ်သော်လည်း ကျောင်းဦးဆောင်၊ ဇေတဝန်ဆောင်နှင့် ဘောဂဆောင်တို့ပါရှိပြီး စကြံ်ပတ်လမ်းပါရှိသည်။ ဘင်္ဂတော အမွှမ်းပါရှိသော သရက်ကင်း အုတ်လှေကားများနှင့် အုတ်စိန်တောင်များ အောက်ခြေတွင် ပါရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင် မန္တလေးမြို့သို့ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တရားရုံးချုပ်(အထက်မြန်မာပြည်)ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်သို့ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်မုခ်ဦး တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်ပင်မဆောင် တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ပြီးစီးမှုနှင့် အခန်းဖွဲ့စည်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ၉၀ရာခိုင်နှုန်းပြီးစီး

တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးသည် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် မန္တလေး-မတ္တရာကားလမ်းနံဘေး၌တည်ရှိပြီး မြေဧက ၁၁ဒသမ ၄၂ ဧကကျယ်ဝန်းသည်။ ပင်မဆောင်သည် အလျား၂၆၄ပေ၊ အနံ၁၄၁ပေရှိ လေးထပ် အဆောက်အအုံဖြစ်သည်။ အဆောင် အမှတ်(၁)သည် အလျား ၂၆၄ပေ၊ အနံပေ၄၀ရှိ လေးထပ်ဖြစ်ပြီး အဆောင် အမှတ်(၂)သည် အလျား ၂၆၄ပေ၊ အနံပေ ၄၀ရှိ သုံးထပ်၊ အဆောင် အမှတ်(၃)သည် အလျား ၁၈၂ပေ၊ အနံပေ ၄၀ရှိ နှစ်ထပ်ရှိ၍ ဘာသာရပ်ဆိုင်ရာဌာနများ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ ပါဝင်သည်။ အဆိုပါ တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ခုနှစ် ဩဂုတ်လက အုတ်မြစ်စီခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဝင်းအတွင်း ပရဆေးဥယျာဉ်၌တိုင်းရင်းဆေးဖက်ဝင် ပရဆေးပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ လက်တွေ့သင်ကြားရေးအတွက် အဓိကရောဂါကြီးခြောက်မျိုး ကုသရေးတွင် အသုံးပြုနိုင်သည့်ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တိုင်းရင်းဆေးတက္ကသိုလ်ရှိ ပရဆေးဥယျာဉ်နှင့် အဓိကရောဂါခြောက်မျိုး ဆေးဖက်ဝင်အပင်များ သင်ကြားရေး လက်တွေ့ဆောင်တို့၌ ပရဆေးပင်မျိုး ၂၇၀ စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) သို့ရောက်ရှိကြရာ ဆေးသိပ္ပံပညာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်၊ ပါမောက္ခချုပ် ဒေါက်တာစိုးထွန်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

### သင်ယူလေ့ကျင့်နေမှုကြည့်ရှု

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Computer Lab၌ ကျောင်းသားကျောင်းသူများ ဆေးဘက်ဆိုင်ရာပညာရပ်များ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက်တက္ကသိုလ်ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မန္တလေးဆေးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ စိုးထွန်းက တက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ တည်နေရာ၊ အဆောက်အအုံများ အကွက်ချပုံစံ၊ တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းများပြီးစီးမှု၊ တက္ကသိုလ်၏ဝန်ထမ်းဖွဲ့စည်းပုံ၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးတို့၌ခန့်ထားပြီး ဝန်ထမ်းအင်အားအခြေအနေတို့ကိုလည်းကောင်း၊ တက္ကသိုလ်၌သင်ကြားသော အဓိကဘာသာရပ်များ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများနှင့် ကျောင်းသားဦးရေ၊ ဘွဲ့အပ်နှင်းနိုင်ခဲ့မှု၊ IT Development နှင့် Teaching Learning Aids တို့၌ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

### စနစ်တကျဖြည့်ဆည်း

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေး တိုးမြှင့်ပေးနိုင်ရေး၊ ဆေးပညာနှင့်ဆေးဘက်ဆိုင်ရာ ပညာရှင်များ အရည်အသွေးတိုးတက်မြင့်မားရေးတို့အတွက် လိုအပ်မှုများကို စနစ်တကျ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ထို့အပြင် နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ရေးအတွက် ခုတင်(၃၀၀)ဆံ့၊ ခုတင်(၂၀၀)ဆံ့၊ ခုတင် (၁၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ ခုတင် (၅၀)ဆံ့၊ (၂၅)ခုတင်ဆံ့ ဆေးရုံများကိုလည်း အသစ်တိုးချဲ့ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ပညာသည်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးကာ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာစက်ကိရိယာ ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို ဖြည့်တင်းပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ခြင်းနှင့်အတူ လိုအပ်သည့်အရည်အသွေးမီ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များကိုလည်း ဟန်ချက်ညီညီဖြင့် လေ့ကျင့်သင်ကြား ဖြည့်ဆည်းပေးရေးအတွက်ကိုလည်း စနစ်တကျ စီမံ ဆောင်ရွက်သွားရန် မှာကြားသည်။

### စာအုပ်စာတမ်းများကြည့်ရှု

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Library Room ၌ ဆေးပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab ၌ အဆင့်မြင့်သင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Lab ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်သည် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်၌တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၇ဒသမ ၆၃ဧက ရှိသည်။

### မွေးထုတ်ပေးနိုင်ခဲ့

တက္ကသိုလ်၌ အဓိကဘာသာရပ်များအဖြစ် ရောဂါရှာဖွေစိစစ်ရေးပညာ (Medical Laboratory Technology)၊ ကိုယ်ကာယ ဆေးကုသမှုပညာ (Physio- therapy)၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ပညာ (Radiography & Medical Imaging Technology) ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိပြီး ပထမနှစ်မှ စတုတ္ထနှစ်အထိ ကျောင်းသားကျောင်းသူ ၄၄၇ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။ အဆိုပါ တက္ကသိုလ်မှ ဘွဲ့ရ ၁၆၂ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မဟာအောင်မြေမြို့နယ်ရှိ မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ၏ ခုတင်(၁၀၀)ဆံ့ အဆင့်မြင့် မြို့တော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းရှိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်ကပ်သန့်စင်ဌာန၊ ရေသန့်စင် ဌာန၊ ဓာတ်မှန်ဌာနတို့၌ ဆေးရုံသုံး စက်ကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် Computerized Laboratory, X' Ray and Contrast X' Ray, Ultra Sound Scanner,Video Endoscopy , CT Scanner, Computerized E.C.G, Haemodialysis Unit တို့တွင် စက်တပ်ဆင်မှု လုပ်ငန်းများ၊ အဆောက်အအုံအခန်းဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဆေးရုံမှ ဒေါက်တာကြည်ရွှင်က လိုက်လံရှင်းလင်းပြသသည်။

### အဆင့်မြင့်အထူးကုဆေးရုံကြီး

အဆိုပါ မြို့တော်ဆေးရုံ(City Hospital) သည် မဟာအောင်မြေမြို့နယ် သိပ္ပံလမ်း ၆၅လမ်းနှင့် ၆၆လမ်းကြားတွင် တည်ရှိပြီး မြေဧရိယာ လေးဧက ကျယ်ဝန်းသည်။ အထူးခန်းနှစ်ခန်းအပါအဝင် ခွဲစိတ်ခန်း စုစုပေါင်း ငါးခန်းပါဝင်သည်။

ထို့ပြင် ပင်မလေးထပ်ဆောင် တစ်ဆောင်၊ နှစ်ထပ်ဆောင် သုံးဆောင်နှင့် အုပ်ချုပ်မှု အဆောင်တစ်ဆောင်တို့ပါရှိပြီး သံကူကွန်ကရစ် အဆောက်အအုံ ဖြစ်သည်။ အဆိုပါ ဆေးရုံသည် လူနာ ၁၀၀အား လက်ခံကုသပေးနိုင်သော နိုင်ငံတကာအဆင့်မီ အဆင့်မြင့် အထူးကုဆေးရုံကြီးတစ်ရုံဖြစ်ကြောင်း သိရှိရသည်။

### တွေ့ဆုံအားပေး

ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၆၂/၆၃) မြစန္ဒာလမ်း၌ နေထိုင်လျက်ရှိသော ရုပ်ရှင်ဂီတအနုပညာရှင် ဒေါ်မေရှင်အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့တွင် ရပ်နားကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ နေထိုင်လျက်ရှိသော ရုပ်ရှင်ဂီတအနုပညာရှင် ဒေါ်မေရှင်အား တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)**

## လုပ်သားများကောလိပ် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တက္ကသိုလ် လုပ်သားများ ကောလိပ်ရှိ ဓာတုဗေဒအဓိကဖြင့် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်တက္ကသိုလ်များမွေ့ရုံတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဦးဘိုတင်ဝ ဖုန်း-၃၇၈၂၈၉၊ ဦးစိုးနိုင် ဖုန်း-၅၄၃၇၃၁၊ ဦးရန်အောင် ဖုန်း-၅၄၀၉၆၀၊ ဒေါ်မေမြတ်မော် ဖုန်း-၇၂၆၃၈၂၊ ဒေါ်ခင်မေသက် ဖုန်း-၅၈၄၂၈၄၊ ဦးပိုက် ဖုန်း-၅၀၅၇၅၀ နှင့် ဦးတင်အေး ဖုန်း-၇၀၆၅၅၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# ထင်းအစားထိုး လောင်စာသုံးစွဲ၍ သဘာဝတောများ ပြုန်းတီးမှုကို ကာကွယ်ကြပါစို့

**ဦးသိန်းကြွယ် (သစ်တော)**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာသည် နိုင်ငံဧရိယာ၏ ထက်ဝက်ကျော်မျှ ရှိနေသေးသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင်မူ ယင်းဒေသဧရိယာ၏ ၂၈ ရာခိုင်နှုန်းမျှသာ ကျန်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ အပူပိုင်းဒေသ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းသည် ရှိသင့်သည်ထက်လျော့နည်းနေပါ၍ လက်ရှိသဘာဝတောကျန်များကို ဆက်လက်တည်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ဓမ္မတာမျိုးဆက်နည်းဖြင့် သဘာဝတောများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးရန်လိုအပ်သည်။ တစ်ပြိုင်တည်းမှာပင် အပင်ပေါက်ရောက်မှုနည်းသော ဒေသများတွင် သစ်တောစိုက်ခင်းများ တည်ထောင်၍ သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန် ဆောင်ရွက်ပေးရမည်။

ထို့အတူ **သဘာဝတောများ ပျက်စီးပြုန်းတီးစေခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သော သစ်တောသစ်ပင်များကို ထင်းအဖြစ်ခုတ်လှဲ၊ ဖြတ်တောက်အသုံးပြုခြင်းကို လျော့နည်းပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများတွင် မရှိမဖြစ်အသုံးပြုနေကြရသည့် လောင်စာများနေရာတွင် သစ် ထင်းအစား အခြားလောင်စာအမျိုးမျိုးကို တိုးမြှင့်အသုံးပြုမှသာလျှင် သဘာဝတောများ ပြန်လည်စိမ်းလန်းစိုပြည်လာမည် ဖြစ်သည်။**

မြန်မာနိုင်ငံ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထင်းလောင်စာကို အဓိကလောင်စာအဖြစ် အသုံးပြုနေကြရဆဲဖြစ်သည်။ မြို့နေပြည်သူလူထုအချို့သည် မိမိတို့နေ့စဉ်ချက်ပြုတ်စားသောက်ရန် လျှပ်စစ်မီးဖိုများ၊ ဓာတ်ငွေ့မီးဖိုများ၊ လောင်စာဆီမီးဖိုများ၊ မီးသွေးမီးဖိုများကို အသုံးပြုနိုင်ကြသော်လည်း မြို့နေလူထုအများစုနှင့် ကျေးလက်နေ ပြည်သူအားလုံးနီးပါးသည် သစ်၊ ထင်းနှင့် လယ်ယာစွန့်ပစ်ပစ္စည်း လောင်စာများကိုသာ အသုံးပြုနေကြရသည်။ ထို့အပြင် အုတ်လုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊ သကြားလုပ်ငန်းနှင့် နို့ဆီလုပ်ငန်းစသည့် အိမ်တွင်းစက်မှုလုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများတွင် ထင်းလောင်စာသည် အဓိကနေရာမှ ပါဝင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ထင်းလောင်စာသုံးစွဲမှုမှာ မြင့်မားဆဲရှိနေကာ လောင်စာသုံးစွဲမှု ခန့်မှန်းတွက်ချက်မှုအရ ကျေးလက်ဒေသတွင် အိမ်ထောင်စုတစ်စု တစ်နှစ်လျှင် ၂ ဒသမ ၅ တန်၊ မြို့ပြင်ဒေသတွင် အိမ်ထောင်စု တစ်စုလျှင် ၁ ဒသမ ၄ တန်သုံး၍ လူတစ်ဦးလျှင် ပျမ်းမျှ ဝဒသမ၅ တန် အသုံးပြုကြောင်း သိရှိရသည်။

ထို့ကြောင့် ထင်းလောင်စာသုံးစွဲမှုပမာဏသည် သဘာဝသစ်တောများမှ ရရှိနိုင်သည့် ထင်းလောင်စာထွက်ရှိမှု ပမာဏထက် ကျော်လွန်နေသည်ကို ဖြေရှင်းနိုင်ရန်အတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့သည် ကျေးရွာသုံး ထင်းစိုက်ခင်းများကို နှစ်စဉ်စိုက်ပျိုးတည်ထောင်ပေးလျက်ရှိသည်။ သို့သော် တည်ထောင်ထားသည့် ထင်းစိုက်ခင်းများမှ ထင်းများထွက်ရှိအောင် အချိန်အတန်ကြာ (ကျေးရွာသုံးစိုက်ခင်းများ၏ ခုတ်ပတ်ကို ငါးနှစ်မှ ခုနစ်နှစ်ခန့် ထားပါက) စောင့်ဆိုင်းရပေဦးမည်ဖြစ်သည်။ ထို့ကြောင့် သစ်တောများပြုန်းတီးမှုကို အလျင်အမြန် အကာအကွယ်ပေးနိုင်ရန်အတွက် ထင်းလောင်စာသုံးစွဲမှုနှင့် ထင်းလောင်စာထွက်ရှိမှုကွာဟချက်ကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အလွန်အရေးကြီးသည်နှင့်အမျှ ထင်းအစားထိုး လောင်စာကုန်ကြမ်းများရရှိရေးနှင့် ကျေးလက်ဒေသအသီးသီးရှိ လယ်ယာစိုက်ပျိုးမြေများမှ သီးနှံရိတ်သိမ်းသည့်အခါ ထွက်ရှိလာမည့် ကောက်ရိုး၊ ပဲစင်းငုံရိုး၊ ဂျုံရိုး၊ ပြောင်းရိုး၊ နှမ်းရိုး၊ စပါးခွံ၊ မြေပဲခွံ၊ ကြံဖတ်နှင့် အုန်းဆံခွံ အစရှိသည့် စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းများကို လောင်စာအဖြစ် ပိုမိုကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုနည်းအတူ သစ်တောထွက် စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းကြီးများ၏ စွန့်ပစ်ပစ္စည်းများကို လောင်စာအဖြစ် ပြန်လည်အသုံးချနိုင်ရေးအတွက် တိုးချဲ့စည်းရုံး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အစားထိုးလောင်စာများဖြစ်ကြသည့် ကျောက်မီးသွေး လယ်ယာစွန့်ပစ်ပစ္စည်းများမှာ ကုန်ကြမ်းရှိနိုင်သရွေ့ နှစ်စဉ်တိုးချဲ့ သုံးစွဲနိုင်ကြသော်လည်း ထုတ်လုပ်မှုပမာဏသည် အကန့်အသတ်ရှိ၍ ထိုထက်ကျော်လွန်ရရှိနိုင်မည် မဟုတ်ပါ။

သို့ဖြစ်ပါ၍ သစ်ထင်း၊ မီးသွေးလောင်စာ သုံးစွဲမှုကိုလျှော့ချ၍ အခြားလောင်စာများ အစားထိုးရာတွင် ရေရှည်ဆောင်ရွက်နိုင်မည့် လျှပ်စစ်ကဏ္ဍ၊ ဓာတ်ငွေ့နှင့် ရေနံကဏ္ဍ၊ နေရောင်ခြည် လျှပ်စစ်ကဏ္ဍ စသည့် ကဏ္ဍများကိုလည်း တိုးမြှင့်သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။

ထင်းအစား အခြားလောင်စာများဖြင့် မီးဖိုအမျိုးမျိုး၊ အခြားစွမ်းအင်အမျိုးမျိုးကို တီထွင်ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးကြရာတွင် ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခြားစီးပွားရေးလုပ်ငန်းမှာကဲ့သို့ အမြတ်အစွန်းရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်မှုမပြုဘဲ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ သဘာဝတောတောင်ရေမြေ ထိန်းသိမ်းရေး၊ ရာသီဥတုသင့်တင့်မျှတ၍ လယ်ယာသီးနှံအထွက်တိုးရေးအစရှိသည့် ဒေသအတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ဝိုင်းဝန်းကူညီပံ့ပိုးကြရန် လိုအပ်သည်။ ရှေးအစဉ်အဆက် နှစ်ပေါင်းများစွာ သုံးစွဲခဲ့ကြသည့် သမားရိုးကျနည်းစနစ်ကို ဖယ်ရှား၍ ခေတ်မီနည်းစနစ်များကို အစားထိုးရာတွင် သုံးစွဲကြသူများက လိုလိုလားလား နှစ်ခြိုက်လက်ခံနိုင်သည့် အဆင့်ရောက်သည်အထိ စိတ်ရှည်ရှည်ထား၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အတူ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့တီထွင်ထုတ်လုပ်သည့် ပုံစံသစ်ပစ္စည်းများသည် အရည်အသွေးအားဖြင့် သမားရိုးကျ ပစ္စည်းများထက် သာလွန်ရမည်ဖြစ်သကဲ့သို့ ဈေးနှုန်းသက်သာစေရန်နှင့် သုံးစွဲရာတွင်လည်း ကြာရှည်ခံစေရန် စေတနာမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။ အရည်အသွေးကောင်းမွန်၍ သုံးစွဲသူများ နှစ်သက်လက်ခံနိုင်သည့် အဆင့်ရောက်ပါက သုံးစွဲသူများ လိုအပ်သလောက် တွင်ကျယ်စွာ ဖြန့်ဖြူးပေးနိုင်ရန် အချိန်တိုတိုအတွင်း အများအပြားထုတ်လုပ်နိုင်မည့် နည်းစနစ်ဖြင့် ထုတ်လုပ်ပေးနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်ပေးရမည်။ သို့မှသာ သစ် ထင်းသုံးစွဲမှု တစ်ဟုန်ထိုး ကျဆင်းသွားကာ နိုင်ငံတော်၏ ရည်မှန်းချက်များ ရာနှုန်းပြည့် ရရှိနိုင်မည် ဖြစ်သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် အဓိက တာဝန်ကြီး (၄)ရပ်ကို နှစ် ၃၀ အတွက် ရည်မှန်းချက်များ ချမှတ်ကာ နှစ်အလိုက် လျာထားသတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထင်းအစားထိုး အခြားလောင်စာများ တိုးမြှင့်သုံးစွဲမှုအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရာ၌ ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာများ စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လောင်စာတောင့်များအား သက်သာသော နှုန်းထားများဖြင့် ဖြန့်ဝေရောင်းချခြင်း၊ ထင်းကုန်ကျမှု သက်သာသည့် စွမ်းအားမြင့် အေဝမ်းမီးဖိုများသုံးစွဲရေးအတွက် စည်းရုံးပညာပေး ဟောပြောကာ စွမ်းအားမြင့်မီးဖိုများ အခမဲ့ ဝေငှခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်း မန္တလေးခရိုင်ရှိ မြို့နယ်များအတွင်းတွင် ထင်းကုန်ကျမှု သက်သာခြင်းအား နှိုင်းယှဉ်သိရှိနိုင်ရန်အတွက် ထင်း၊ ကျောက်မီးသွေး၊ လောင်စာတောင့်၊ ဝါးခြောက်နှင့် ကုန်ကြမ်းဘေးထွက်ပစ္စည်းများ ဖြစ်သည့် လွှစာ၊ စပါးခွံနှင့် ဆီးစေ့ခွံခြမ်းတို့အား အသုံးပြုသော သစ်အချောထည်စက်ရုံများနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများဖြစ်သော သကြားစက်ရုံ၊ ဘီစကွတ်စက်ရုံနှင့် ဆပ်ပြာစက်ရုံများ၊ ဘွိုင်လာသုံးစက်ရုံများနှင့် အခြားစက်ရုံများအနက် စက်ရုံ ၇၆ ရုံအား စာရင်းစစ်တမ်းကောက်ယူခြင်း၊ မှတ်တမ်းပြုစုခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ စက်ရုံများမှာ ပုသိမ်ကြီး မြို့နယ်မှ စက်ရုံခြောက်ရုံ၊ အောင်မြေသာစံမြို့နယ်မှ စက်ရုံခြောက်ရုံ၊ ချမ်းအေးသာစံမြို့နယ်မှ စက်ရုံ ၁၀ ရုံ၊ မဟာအောင်မြေမြို့နယ်မှ စက်ရုံလေးရုံ၊ ချမ်းမြသာစည်မြို့နယ်မှ စက်ရုံလေးရုံ၊ ပြည်ကြီးတံခွန်မြို့နယ်မှ စက်ရုံ ၄၆ ရုံ စုစုပေါင်း ၇၆ ရုံ ဖြစ်သည်။

မန္တလေးမြို့ရှိ ထင်း၊ ဝါးခြောက်၊ ကျောက်မီးသွေး၊ စပါးခွံနှင့် လွှစာသုံးစက်ရုံများ၏ လောင်စာသုံးစွဲမှု လောင်စာအလိုက် ကုန်ကျမှုတန်ဖိုး နှိုင်းယှဉ်ခြင်း၊ ထင်းသုံးသည်ထက် ထင်းအစားထိုး လောင်စာများကို အသုံးပြုမည်ဆိုလျှင် ငွေမည်မျှကုန်ကျမှု သက်သာသည်ကို တွက်ချက်နှိုင်းယှဉ်ခြင်းများ ဆောင်ရွက်ခဲ့ရာတွင် အောက်ပါအချက်အလက်များကို တွေ့ရှိရသည်–

(က) စက်ရုံတွင် အသုံးပြုသော ဘွိုင်လာ၏ စွမ်းအားအသုံးချမှု၊ ဘွိုင်လာတွင် လောင်စာကို မီးထိုးသည့် လုပ်သားများ၏ ကျွမ်းကျင်မှုပေါ်မူတည်၍ လောင်စာကုန်ကျမှုများ ကွာခြားသည်။

(ခ) စက်ရုံများတွင် အများအားဖြင့် ကျောက်မီးသွေးကိုသာ အသုံးပြုကြသည်ကို တွေ့ရှိရသည်။ ကျောက်မီးသွေးသုံးသည့် စက်ရုံများသည် ကျောက်မီးသွေးကို ဖုလုံစွာ ဝယ်ယူသုံးစွဲလိုကြောင်း သိရှိရသည်။ ကျောက်မီးသွေးသည် မီးအရှိန်ကို လိုလျှင်တိုး၍ မလိုလျှင် လျှော့၍ရပြီး ထင်း၊ ဝါးခြောက်ကို အသုံးပြုခြင်းထက် ငွေကုန်ကြေးကျ ပို၍ သက်သာသည်။

(ဂ) ထင်း၊ ဝါးကို အသုံးပြုနေသော စက်ရုံအချို့ကိုတွေ့ရှိရပြီး စက်ရုံတို့၏ ဘွိုင်လာတည်ဆောက်ထားရှိမှုအပေါ် မူတည်၍ လောင်စာများကို ပြောင်းလဲ၍ ထင်းနှင့် ဝါးကို အသုံးပြုနိုင်သည်။

(ဃ) စက်ရုံများ၏ ကျောက်မီးသွေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါက ထင်း၊ ဝါးများကုန်ကျမှု သက်သာလာမည်ဖြစ်ပြီး ထင်း၊ ဝါးကို အသုံးပြုသည့် ဘွိုင်လာစက်ရုံများအနေဖြင့်လည်း လောင်စာကို ပြောင်းလဲ၍ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အတူ မန္တလေးခရိုင်အတွင်းရှိ စာရင်းကောက်ယူ ရရှိသည့် စက်ရုံများ၏ တစ်နေ့တာ အသုံးပြုသော လောင်စာများမှာ သက်သာသည့် ထင်းတန်ချိန်စာရင်းအား စာရင်းချုပ်၍ တင်ပြမည်ဆိုပါလျှင် အောက်ပါအတိုင်း တွေ့ရှိရသည်–

| စဉ် | မြို့နယ် | စက်ရုံ | အခြားလောင်စာသုံးစွဲမှုကြောင့် သက်သာသည့် ထင်းတန်ချိန် (တစ်နေ့တာ အတွက်) |
|---|---|---|---|
| ၁။ | ပုသိမ်ကြီးမြို့နယ် | ၆ | ၉.၁၆ တန် |
| ၂။ | အောင်မြေသာစံမြို့နယ် | ၆ | ၄.၂၂ တန် |
| ၃။ | ချမ်းအေးသာစံမြို့နယ် | ၁၀ | ၁၄. ၆ တန် |
| ၄။ | မဟာအောင်မြေမြို့နယ် | ၄ | ၂.၂၅ တန် |
| ၅။ | ချမ်းမြသာစည်မြို့နယ် | ၄ | ၂၅.၀၇ တန် |
| ၆။ | ပြည်ကြီးတံခွန်မြို့နယ် | ၄၆ | ၂၈၁.၈၆ တန် |
| | စုစုပေါင်း | ၇၆ | ၃၃၇.၁၆ တန် |

မန္တလေးခရိုင်အတွင်းရှိ လေ့လာစာရင်းကောက်ယူရရှိသော စက်ရုံ ၇၆ ရုံ၏ တစ်နေ့တာအသုံးပြုသော လောင်စာများမှ ထင်းအစားထိုး လောင်စာများ သုံးစွဲခြင်းကြောင့် သက်သာသော ထင်းတန်ချိန် စုစုပေါင်းမှာ ၃၃၇ ဒသမ ၁၆ တန်ဖြစ်သည်။ စက်ရုံများသည် တစ်နှစ်ပတ်လုံး လည်ပတ်မှုမရှိဘဲ ရှစ်လသာ လည်ပတ်နိုင်သည်ဆိုခြင်းကြောင့် အသုံးပြုလောင်စာများမှ သက်သာသော ထင်းတန်ချိန်စုစုပေါင်းမှာ ၃၃၇ ဒသမ ၁၆ တန် x ၂၆ ရက် (တစ်လလျှင် စက်ရုံလည်ပတ်နိုင်သောရက်) x ၈လ=၇၀၁၂၉ ဒသမ ၂၈ တန်ဖြစ်သည်။ စက်ရုံများအတွက် လိုအပ်သောထင်းများကို သဘာဝသစ်တောများမှ ထုတ်ယူရမည် ဆိုပါလျှင် သဘာဝတောများ ပြုန်းတီးမှုများစွာ ဖြစ်ပေါ်မည် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ၎င်းလိုအပ်သောထင်းများ ရရှိနိုင်ရန်အတွက် ထင်းစိုက်ခင်းများ တည်ထောင်ပေးရမည်ဆိုပါက အပူပိုင်းဒေသ ထင်းသုတေသန လေ့လာမှုအရ ထင်းစိုက်ခင်း တစ်ဧကလျှင် ပျမ်းမျှ ထင်း ၃ ဒသမ ၅ တန်သာ ထွက်ရှိနိုင်မည်ဖြစ်သဖြင့် အထက်ဖော်ပြပါ ထင်းတန်ပေါင်း ၇၀၁၂၉ ဒသမ ၂၈ တန်အတွက် ထင်းစိုက်ခင်း ဧက ၂၀၀၃၆ ခန့် တည်ထောင်ပေးရမည်ဖြစ်သည်။

ထင်းစိုက်ခင်းတည်ထောင်ရန်အတွက် ပျမ်းမျှတစ်ဧကလျှင် ကျပ်၉၀၀၀ ကုန်ကျမည်ဟု တွက်ချက်ရပါလျှင် စုစုပေါင်း ငွေကျပ်သန်း ၁၈၀ ခန့် နိုင်ငံတော်မှ ကုန်ကျမည်ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း စက်ရုံများ၌ ထင်းမသုံးဘဲ ထင်းအစားထိုး အခြားလောင်စာများ သုံးစွဲသည့်အတွက် ထင်းစိုက်ခင်းဧက ၂၀၀၃၆ တည်ထောင်ရန် ကုန်ကျမည့်ငွေ သက်သာနိုင်မည်ဖြစ်သည်။ **ထို့ကြောင့် စက်ရုံများတွင် ထင်းအစားထိုး လောင်စာသုံးစွဲခြင်းဖြင့် အဖိုးတန် သဘာဝသစ်တောကြီးများ ပြုန်းတီးမှုသက်သာနိုင်မည့်နည်းတူ နိုင်ငံတော်၏ ဘဏ္ဍာငွေများလည်း များစွာသက်သာစေနိုင်မည်ဖြစ်သည်။ ယခုအခါ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးကို နိုင်ငံတော်က စီမံချက်ချမှတ်ကာ အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက် အကောင်ထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။** ထို့ကြောင့် မကြာမီသော အနာဂတ်ကာလတွင် အပူပိုင်းဒေသသာမကဘဲ ပဲခူးရိုးမ တစ်ခုလုံး၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးပါ စိမ်းလန်းစိုပြည် သာယာလှပတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သဘာဝတောများ ပျက်စီးပြုန်းတီးစေခြင်း၏ အဓိကအကြောင်းရင်း တစ်ခုဖြစ်သော သစ်တောသစ်ပင်များကို ထင်းအဖြစ်ခုတ်လှဲ၊ ဖြတ်တောက် အသုံးပြုခြင်းကို လျော့နည်းပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများတွင် မရှိမဖြစ် အသုံးပြုနေကြရသည့် လောင်စာများနေရာတွင် သစ်ထင်းအစား အခြားလောင်စာအမျိုးမျိုးကို တိုးမြှင့်အသုံးပြုမှသာလျှင် သဘာဝတောများ ပြန်လည်စိမ်းလန်းစိုပြည်လာမည် ဖြစ်သည်။



**ဆုချီးမြှင့်**

**လူမှုဝန်ထမ်းဦးစီးဌာန သုဝဏ္ဏမူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၂ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကဗျာရွတ်ပြိုင်ပွဲ ပထမဆုရရှိသူ မပန်းမြတ်ချောနှင့် မဖွေးရူပါဇော်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြစောက ဆုချီးမြှင့်စဉ်။** (က-ပ)



**ပေးအပ်**

**အောက်တိုဘာ ၁၀ရက်က မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်စု ပေါင်းကူဉာဏ ကျေးရွာရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်မှူး ဦးကျော်ညွန့်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။** (က-ပ)

18-10 (10).p65 1 24.03.1905, 9:04 PM



ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဗဟိုပြကွက်၊ ဝန်ကြီးဌာနများ၏ပြခန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ပြခန်းများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းပြခန်းများကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့မှ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ပညာပေးပြခန်းများကိုလည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအသင်းများဖြစ်သည့် JICA-Myanmar(Major Infections Diseases Control Project)၊ Pact Myanmar၊ World Vision International, UNODC Care၊ Population Services International / Myanmar (PSI)၊ Save the Children(UK)၊ AMDA၊ WHO၊ ကုလသမဂ္ဂအေအိုင်ဒီအက်စ် ပူးပေါင်းအစီအစဉ် (UNAIDS)၊ UNICEF၊ UNFPA၊ UNDP/UNOPS တို့၏ပြခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လှုပ်ရှားမှုပြပွဲ(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

### ✳ *ကျောဖုံးမှ*

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ပါမောက္ခချုပ်များ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်တွင်းပြည်ပတို့မှအစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မန္တလေးမြို့မှ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

#### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့က ဒုတိယအကြိမ်မြောက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ(မန္တလေး)ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လှုပ်ရှားမှုပြပွဲ(မန္တလေး) အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



**အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လှုပ်ရှားမှုပြပွဲ(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီများ၏ဆေးဝါးဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးကြသည်။

#### ကြည့်ရှုအားပေး

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းသားကျောင်းသူလေးများ၏ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေး ပညာပေး သရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြပွဲ၌ ပြခန်းပေါင်း၄၅ ခန်း ပါဝင်ပြသလျက်ရှိပြီး အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ(မန္တလေး) နိုင်ငံခြားသားခရီးသည်များ၊ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကား

ရန်ကုန် အောက်တိုဘာ ၁၇

**ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ(မန္တလေး)ကို အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ပြသသည်။**

ပြပွဲဖွင့်လှစ်ပြသသည့် အချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ မြို့နယ်၊ ရပ်ကွက်အသီးသီးမှပြည်သူများ၊ ဌာနဆိုင်ရာများ၊ကျောင်းသား ကျောင်းသူများနှင့် အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ အထူးစည်ကားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

#### ဖွင့်လှစ်ပြသ

ပြပွဲကို ယနေ့ ဆက်လက်ဖွင့်လှစ်ပြသရာ မန္တလေးမြို့ လေးပြင်လေးရပ်မှ မိဘပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများအပြင် နိုင်ငံခြားသားခရီးသည်များပါ စိတ်ဝင်တစားများပြားစွာ လာရောက်ကြည့်ရှုကြသဖြင့် ဖွင့်လှစ်ပြသချိန် နံနက် ၉နာရီထက်စော၍ ပြပွဲကို ဖွင့်လှစ်ပြသလိုက်ရကြောင်း သိရှိရသည်။

အဆိုပါပြပွဲအဝင်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရောင်စုံဓာတ်ပုံကြီးနှင့်အတူ ကျန်းမာရေးဆိုင်ရာလမ်းညွှန်မိန့်ကြားချက်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့၏ ရောင်စုံဓာတ်ပုံတို့နှင့်အတူ ကျန်းမာရေးဆိုင်ရာ အမှာစကားများကို ဖော်ပြထားသည့် ဗဟိုပြခန်းအပါအဝင် ကျန်းမာရေး ဝန်ကြီးဌာနပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြခန်း၊ အလုပ်သမားဝန်ကြီးဌာနပြခန်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းအလိုက် ပြခန်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအလိုက် ပြခန်းများ၊ မန္တလေးတိုင်းအမျိုးသမီးရေးရာပြခန်း၊ မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပြခန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းပြခန်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်းပြခန်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းပြခန်း၊ သွားဘက်ဆိုင်ရာဆရာဝန်အသင်းပြခန်း၊မြန်မာ့တိုင်းရင်းဆေးပြခန်း၊ ကျန်းမာရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနပြခန်းများဖြင့်အများပြည်သူစိတ်ဝင်စားစေရန် အထူးစီမံ ခင်းကျင်းပြသထားပြီး ပညာပေးလက်ကမ်းစာစောင်များ၊ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများကိုလည်း အခမဲ့ဝေငှလျက်ရှိသည်။

#### စီစဉ်ပြသ

ထို့ပြင် လာရောက်ကြည့်ရှုလေ့လာသူများအတွက် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်သည့် မှတ်တမ်းများနှင့် ဇာတ်လမ်းများကိုလည်း ဗီဒီယိုနှင့် ဗွီစီဒီပြစက်များဖြင့် လည်းကောင်း၊ မန္တလေးမြို့အခြေခံပညာကျောင်းများမှ

*စာမျက်နှာ ၁၃ ကော်လံ ၆* ●

**ဒုတိယအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လှုပ်ရှားမှုပြပွဲ(မန္တလေး)၌ ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)



# ပြည်တောင်တန်းတောရကျောင်းများဆွမ်းဆန်တော်၊ဆီ၊ဆားနှင့်ဆေးများလောင်းလှူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း လှူဖွယ်ပစ္စည်းများတက်ရောက်ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၇

**ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီးကကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် ပြည်တောင်တန်းတောရကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ဆေးများ လောင်းလှူပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်း ပြည်မြို့ရှိ သီရိခေတ္တာသိရိနန္ဒရ သာသနာ့ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ဆန်လှူအသင်းနာယက ဆရာတော်များ၊ ထေရ်ကြီးဝါကြီး ဆရာတော်များ၊ မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်း၊ အင်းမတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်း အဖွဲ့များ၊ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ သြဝါဒါစရိယ ပြည်မြို့ စကားတောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာစာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီးဥက္ကဋ္ဌဦးပေါ်ရွှေကဆန်လှူ အသင်း ကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း **(ယာပုံ)**၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်း၊ အင်းမတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆန်လှူအသင်းဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်အရှင်သူမြတ် များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



## လှူဒါန်းမှုအစုစု

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူ အသင်းကြီး၏ သြဝါဒါစရိယ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိကက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့် တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ် များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ နိဗ္ဗိန္ဒတောရ သီလရှင် ဆရာလေးများက ဆုတောင်းမေတ္တာ ပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

## ရွှေမိုးငွေမိုး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ပြည်တောင်တန်းတောရ ကျောင်းများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ပဲခူးတိုင်းနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၃၈၃၅အိတ်၊ ဆီပိဿာ ၂၇၀၊ ဆားပိဿာ ၃၀၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၅၁၀ ဘူးနှင့် အလှူတော်ငွေစုစုပေါင်း ငွေကျပ် ၅၂၄၅၇၈၆ ဖြစ်သည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များချီးမြှင့်



ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ်တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရန်ကုန်တိုင်း အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များကရန်ကုန်တိုင်းအတွင်းရှိ ထူးချွန်ဆုရရှိကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသား အသင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။ **(အပေါ်ဝဲပုံ)**

## ဂုဏ်ပြုမှတ်တမ်းလွှာပေး

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၏ ဧည့်သည် အဖြစ် ဂျပန်လူငယ်များ လာရောက်စဉ်က Home Stay မိဘများအဖြစ် တာဝန်ယူဆောင်ရွက်ပေးကြသော ဦးစန်းမောင်-ဒေါ်ကြည်သန်း၊ ဦးစံရှိန်-ဒေါ်အေးမြခိုင်၊ ဦးမြင့်ဟန် မိသားစု၊ ဦးလှဌေး-ဒေါ်ခင်စိန်၊ ဦးမျိုးမင်းဇော်-ဒေါ်ကြည်ကြည်မာ၊ ဒေါ်လွင်လွင်ဦး မိသားစု တို့အား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း(ရန်ကုန်တိုင်းတာဝန်ခံ)ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ဇေကမ္ဘာကုမ္ပဏီက ငွေကျပ်၁၀သိန်း၊သမားတော်ဦးသောင်းလွင်-ဒေါ်ဌေးဌေးအောင်(ကလျာဆေးတိုက်)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ပရမတ္တ အလင်းပြစာအုပ်များ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များ အသင်းမှ ဦးမြဦးက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာစောလှထွန်းက ငွေကျပ် တစ်သိန်း၊ ဦးအောင်ကြည် (ဒဂုံတောင်ပိုင်း)က ငွေကျပ်တစ်သိန်း၊ ဦးအောင်စိုးဦး (မြစ်တေးသံစာပေ)က ငွေကျပ်တစ်သိန်း၊ သင်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာ စီးပွားရေးအထောက်အကူပြုအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးလှထွန်း (တိုင်းမော်တော်ယာဉ်လုပ်ငန်းကော်မတီ)က ငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်း၊ မန္တလေးသိန်းဇော်-ဒေါက်တာချိုအေးဟန်တို့က ငွေကျပ်တစ်သိန်း၊ ဦးဝင်းကို (ပြည့်ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်တစ်သိန်းနှင့် ငွေကျပ်၅၀၀၀၀ အလှူရှင် ရှစ်ဦး၊ ငွေကျပ်၃၀၀၀၀အလှူရှင်နှစ်ဦး၊ ငွေ ကျပ်၂၀၀၀၀အလှူရှင် ခြောက်ဦး၊ ငွေကျပ်၁၀၀၀၀ အလှူရှင်နှစ်ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ဆက်လက်ကျင်းပ

အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ် အမှုဆောင် ဦးတင်မောင်ဝင်းတို့က ဆောင်ရွက်ကြကာ အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ **(သတင်းစဉ်)**

# ယောနယ်အသင်း(ရန်ကုန်) စာအောင်ဆုနှင်းပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ယောနယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ (၃၆)ကြိမ်မြောက် ယောနယ်အသင်း၏ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ယောနယ် ဒေသမှ ရန်ကုန်တိုင်း အတွင်း ဝါကပ်တော်မူကြသည့် သံဃာတော်များအား ပူဇော်ကန်တော့ပြီး စာအောင်ဆုနှင်းပွဲကို ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်(အောက်တိုဘာ ၃၁ရက်) တနင်္ဂနွေနေ့ နံနက်တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၄၅/၅၀) အဘိဓမ္မ ရတနာဃရဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

## ကြိုတင်လှူဒါန်းနိုင်

အစိုးရ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ ရတနာကျမ်းပြီးနှင့် ဘာသာရေးအသင်းအဖွဲ့၊ ဓမ္မစာမေးပွဲအောင် ပုဂ္ဂိုလ်အသီးသီးတို့သည် အထောက်အထား ပြည့်စုံစွာဖော်ပြလျက် အောက်တိုဘာ၂၅ရက် နောက်ဆုံးထား၍ ဦးအေးမောင် အမှတ်(၅၂) လမ်း၃၀ ဖုန်း-၂၄၀၆၁၄၊ ဦးအောင်မြ အမှတ် (၁၄၀) ၃၇လမ်းဖုန်း-၂၅၂၈၁၁ နှင့် ဦးသာလှ အမှတ်(၉၉) ဆိပ်ကမ်းသာလမ်း ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်ပေးပို့ရန်နှင့် အလှူရှင်များ အနေဖြင့်လည်း သက်နံ့စသော လှူဖွယ်ဝတ္ထုများ ကြိုတင် လှူဒါန်းနိုင်ကြကြောင်း သိရသည်။

## ကြည်ညိုနာယူ

ယင်းနေ့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်) ဟောကြားမည့် အနုမောဒနာတရားကို ကြည်ညိုနာယူနိုင်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ စနေနေ့

# ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့

## အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

**ပညာရေးဝန်ကြီးဌာန**

## ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန်နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၁၇**

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၄ခုနှစ် အောက်တိုဘာ၂၃ရက်(စနေနေ့)ကို ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**၂၀၀၄–၂၀၀၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁)ဒဂုံမြို့နယ်၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ၁၆ရက်က ကျောင်းဝင်းအတွင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများက ကန်တော့ကြစဉ်။**

**(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### တစ်ပိုင်တစ်နိုင်

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် မိမိတို့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော် ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ အဆင့်(၇)ဆင့်ဖြင့် ကူးပြောင်းမည်ဖြစ်ရာ ယင်းနိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ စိုက်ပျိုးရေးတို့ကို ဆောင်ရွက်ကြရန်မှာကြားသည်။

### ရင်းရင်းနှီးနှီး

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာမြင့်အောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများက ကြိုဆိုကြသည်။

### စည်းစည်းလုံးလုံးဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကြိုဆိုကြသော ဆရာဝန်များနှင့် သူနာပြု ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသနေပြည်သူများအား ကျန်းမာရေး အသိပညာပေးရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးရန်၊ လူနာများအား ဆေးကုသပေးရာတွင် စေတနာရှေ့ထားပြီး ကြပ်မတ်ကုသရန်၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မိမိတို့ ဆေးရုံကြီး သန့်ရှင်းသပ်ရပ်ပြီး နယ်မြေလူထုမှ အားကိုး ယုံကြည်လာအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)သည် သွေးလှူဘဏ်၊ ရောဂါရှာဖွေရေးဌာန၊ ဓာတ်မှန်ဌာန၊ ကလေးအထူးကုဆောင်၊ မျက်စိရောဂါကုဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုဌာန၊ အထူးကြပ်မတ်ကုသမှုဌာနနှင့် ခွဲစိတ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)သည် ဆောက်လုပ်ပြီးစီးနေသည့် ဝန်ထမ်းအိမ်ရာများနှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံးဆောက်လုပ်ရန် နေရာလျာထားမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိကြရာသင်တန်းကျောင်းအုပ်ဒေါက်တာနန်းဝိုးဖန်းနှင့် သင်တန်းသူများက ကြိုဆိုကြသည်။

### သိက္ခာရှိရှိအလုပ်လုပ်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဒုတိယနှစ် သင်တန်းသား သင်တန်းသူများ၏ စာသင်ခန်း၊ တတိယနှစ် သင်တန်းသား သင်တန်းသူများ၏ Language Lab၊ Computer Lab စာသင်ခန်းများ၌ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများအား ကျန်းမာကြံ့ခိုင်သည့် ပြည်သူများဖြစ်အောင် သူနာပြုအတတ်ပညာဖြင့် အလုပ်အကျွေးပြုကြရမည်ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးပါက မိမိတိုင်းပြည်နှင့် မိမိလူမျိုးကို ချစ်သည့်စိတ်၊ ပြည်သူများအား မိမိတို့ တတ်ကျွမ်းသည့် သူနာပြုအတတ်ပညာဖြင့် အလုပ်အကျွေးပြုလိုသော စိတ်ထားပြီး သိက္ခာရှိရှိ၊ ဂုဏ်ရှိရှိဖြင့် အလုပ်လုပ်ကြရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) တပ်မတော်ဆေးရုံ (ခုတင်–၃၀၀)သို့ ရောက်ရှိကြရာ တပ်မှူး ဒုတိယဗိုလ်မှူးကြီးနေလင်းနှင့် ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကြိုဆိုကြသည်။

### အားပေးစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆေးကုသဆောင်၊ အထူးကြပ်မတ်ခန်း၊ခွဲစိတ်ကုသဆောင်နှင့် အမျိုးသမီးနှင့်ကလေးဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆေးရုံတက်လူနာများနှင့် သူနာပြုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုင်းတုံ ဒီဂရီကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအောင်ညွှန့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်နယ်အင်ဂျင်နီယာ ဦးသောင်းဌေးနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့်လက်ထောက်ကထိကများ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နှစ်ထပ်စာသင်ဆောင် တစ်ဆောင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်နယ်အင်ဂျင်နီယာ ဦးသောင်းဌေးတို့က မြေနေရာ ရွေးချယ်ထားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စည်းဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ညွှန့်က သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ IT Centre Rooms၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ပြီး လုပ်ငန်းများနှင့် ၂၀၀၄–၂၀၀၅ပညာသင်နှစ်တွင် တက်ရောက်မည့် ကျောင်းသားဦးရေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ကျိုင်းတုံမြို့သည် နယ်စပ်ဒေသနှင့် နီးကပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ ဝင်ရောက်လွှမ်းမိုးမှုမရှိစေရန် မိမိတို့ ဒေသအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တက္ကသိုလ်များ၊ ကောလိပ်များကို နိုင်ငံအနှံ့ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း။

### လေ့ကျင့်သင်ကြားပေး

အသိပညာရှင်များ၊ အတတ်ပညာရှင်များ နိုင်ငံတော်အတွင်း တိုးတက်များပြားလာမှသာ နိုင်ငံတော်ကို အချိန်တိုအတွင်းဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ၎င်းအပြင် အကောင်းနှင့်အဆိုး၊ အကျိုးနှင့် အပြစ်ကို ဝေဖန်ပိုင်းခြားနိုင်သည့် နိုင်ငံသားများ များပြားလာမည်ဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးပြုနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို စာတတ်ပေတတ်အသိပညာရှင်၊ အတတ်ပညာရှင်များသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်သည့်လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးသွားကြရန် လိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံအား စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆရာ ဆရာမများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

### ရော်ဘာခြံ

အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ညနေ၃နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလန်း ကျေးရွာအုပ်စုရှိ ရွှေဖြူ ရော်ဘာခြံသို့ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ခြံတာဝန်ခံ ဦးရဲလွင်က ရော်ဘာစိုက်ကေ၊ စိုက်ပျိုးအပင်ရေ၊ စိုက်ပျိုးသည့်သက်တမ်း၊ အစေးခြစ်ယူနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရော်ဘာပင်များကို ကြီးထွားမှု မြန်ဆန်ပြီး အရည်အသွေးပြည့်ဝအောင် ဓာတ်မြေဩဇာ ထည့်သွင်းပြုပြင်ပေးရေးနှင့် ရရှိလာသည့် ရော်ဘာစေးများကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အဆိုပါ ရွှေဖြူရော်ဘာခြံကေ ၆၀၀၀၌ ရော်ဘာပင် ၈၇၀၀၀ကို ၁၉၉၇ ခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် အစေးများစတင်ခြစ်ယူရရှိနိုင်မည့် အခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ရော်ဘာပင်များကို လိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်ဂေါက်အသင်း (တည်ငင်းကုန်း)တွင် အောက်တိုဘာ၁၆ရက် မွန်းလွဲ၁နာရီတွင် ဦးဝေယံအောင်သည်ကစားဖော်များဖြစ်သော ဦးနေလင်းအောင်၊ ဦးဒေါင်ဇေ၊ ဦးတင်ဇော်သီတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၄) ၁၆၈ကိုက်အကွာမှ Titleist No.7 ဘောလုံးအား Tourstage No.8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။ **(က–ပ)**

## ထူးခြားမြစ်ရေ

ရန်ကုန် အောက်တိုဘာ ၁၇

**ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီ မြစ်ရေသည် မြစ်ကြီးနားမြို့တွင် ၂၉၅စင်တီမီတာ ၁၀ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ဗန်းမော်မြို့တွင် ခြောက်ပေခန့်နှင့် ကသာမြို့၌ လေးပေခန့် လက်ရှိရေမှတ်များအထက်သို့ တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

*စာမျက်နှာ ၁၁ မှ*

ကျောင်းသား ကျောင်းသူများ၏ ပညာပေးသရုပ်ဖော် ဓာတ်လမ်းပမာဖျော်ဖြေမှုများဖြင့်လည်းကောင်း၊ ပညာပေးဉာဏ်စမ်းပဟေဠိအစီအစဉ်များကို ကွန်ပျူတာများဖြင့်လည်းကောင်း စီစဉ်ပြသထားသည်။

### ကြည့်ရှုလေ့လာ

ယနေ့ပြပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြပြီး မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အများပြည်သူများ စုစုပေါင်းအင်အား၅၀၀၀ကျော်လာရောက်ကြည့်ရှုလေ့လာကြသည်။

### ပြသမည်

အဆိုပါပြပွဲကို အောက်တိုဘာ ၂၀ရက်အထိ နံနက်၉နာရီမှ ညနေ ၅ နာရီအတွင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






အောက်တိုဘာ ၁၆ ရက်က အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်မှခ်ဦး တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး) **(သတင်းစဉ်)**

# ဒုတိယအကြိမ် ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ(မန္တလေး)ဖွင့်ပွဲအခမ်းအနား အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံတွင်အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသော ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူလူထုမှ ပိုမိုသိရှိနားလည်သဘောပေါက်လာစေရန်၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်မှု အခြေအနေမှန်၊ နိုင်ငံတော်နှင့်ပြည်သူလူထုပူးပေါင်းဆောင်ရွက်လျက်ရှိသော ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ စေတနာရှင်လူမှုရေးအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်နေသောလုပ်ငန်းများကို နိုင်ငံတကာမှ ပိုမိုလေ့လာသိရှိစေရန် ဝိသေသရည်ရွယ်ချက်များဖြင့် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဒုတိယအကြိမ် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလှုပ်ရှားမှုပြပွဲ(မန္တလေး)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၅နာရီတွင် အဆိုပါခန်းမ ဥပစာရှေ့၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

# အသိပညာရှင်များ၊အတတ်ပညာရှင်များ နိုင်ငံတော်၌တိုးတက်များပြားလာမှသာ နိုင်ငံတော်ကိုအချိန်တိုအတွင်းဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်မည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်သည့် လူရည်ချွန်၊လူရည်မွန်များဖြစ်အောင်လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေး ခန်းမ၌ ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ■





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံ ဒီဂရီကောလိပ်တွင် နှစ်ထပ်စာသင်ဆောင် ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း

## ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- ❒ မြန်မာနိုင်ငံအနေဖြင့် လက်ရှိလူဦးရေနှင့် မြေနေရာအကျယ်အဝန်းသည် အချိုးအစားမျှတပြီး လက်ရှိလူဦးရေသာမက နောင်တိုးပွားလာမည့်လူဦးရေအတွက်ပါ စားနပ်ရိက္ခာလုံလောက်မျှတအောင် ထုတ်လုပ်ပေးနိုင်သည့်နိုင်ငံဖြစ်။

  ခေါင်းကြီး (စာ-၂)

- ❒ စက်ရုံများတွင် ထင်းအစားထိုးလောင်စာသုံးစွဲခြင်းဖြင့် အဖိုးတန်သဘာဝသစ်တောကြီးများ ပြုန်းတီးမှုသက်သာနိုင်မည့်နည်းတူ နိုင်ငံတော်၏ဘဏ္ဍာငွေများလည်း များစွာ သက်သာစေနိုင်မည်။

  ဦးသိန်းကြွယ်(သစ်တော)၏ ဆောင်းပါး (စာ-၁၀)

# အမေရိကန်၏ဂုဏ်သိက္ခာ ကမ္ဘာတစ်ဝန်း၌ကျဆင်းညှိုးမှိန်လာ နိုင်ငံ ၁၀ နိုင်ငံ၌ပြုလုပ်သည့်လူထုစစ်တမ်းများကဖော်ပြ

**လန်ဒန် အောက်တိုဘာ ၁၅**

ကမ္ဘာတစ်ဝန်းတွင် အမေရိကန်တို့၏ဂုဏ်သိက္ခာသည် ကျဆင်းညှိုးမှိန်လာနေပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု၏အရင်းအနှီးဆုံးနိုင်ငံအများအပြားပါဝင်သော နိုင်ငံ ၁၀နိုင်ငံက သောကြာနေ့တွင်ထုတ်ပြန်သည့် သဘောထားစစ်တမ်း၌ဖော်ပြထားသည်။

*စာမျက်နှာ ၇ ကော်လံ ၅* ▼